mgyoe.com

SAMPLE BOOK

ပန်းရွှေပြည်စာအုပ်တိုက်

သူဌေးဖေဖေ
သင်ပေးတဲ့

# အငြိမ်းစား
# လူငယ်
# အငြိမ်းစား
# သူကြွယ်

ညီညီနိုင်


# Rich Dad's RETIRE YOUNG RETIRE RICH


Robert T-Kiyosaki


mgyoe.com


mgyoe.com

## ပန်းရွှေပြည်စာအုပ်တိုက်ထုတ် ညီညီနိုင်၏စာအုပ်များ
























mgyoe.com

mgyoe.com
SAMPLE BOOK

တန်ဖိုး
၃၅၀၀ ကျပ်
အုပ်ရေ
၅၀၀ အုပ်
အကြိမ်
ပထမအကြိမ်
ထုတ်ဝေသည့်အချိန်
၂၀၂၃ ခုနှစ် ဩဂုတ်လ
မျက်နှာဖုံး
ပန်းရွှေပြည်
ထုတ်ဝေသူ
ဦးသိမ်းမင်း (၀၄၂၉၁)
ပန်းရွှေပြည်စာအုပ်တိုက်
၃၃၄၊ ၈ လမ်း၊ ၁၁ ရပ်ကွက်၊
တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။
ပုံနှိပ်သူ
ဦးဇေယျာဦး (၀၁၅၇၉)
Silver Sky Press ပုံနှိပ်တိုက်၊
အမှတ် ၃၁၊ ၈၉ လမ်း၊ ကန်တော်ကလေး၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
စာအုပ်ချုပ်
မင်းဇော်

mgyoe.com

mgyoe.com SAMPLE BOOK

Rich Dad's

# RETIRE YOUNG RETIRE RICH

သူဌေးဖေဖေသင်ပေးတဲ့

# အငြိမ်းစားလူငယ်
# အငြိမ်းစားသူကြွယ်

ညီညီနိုင်

ချမ်းသာအောင်

အမြဲတမ်းချမ်းသာနေအောင် ဘယ်လိုလုပ်မလဲ

mgyoe.com

mgyoe.com SAMPLE BOOK

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး၊ |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး၊ |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး၊ |

## ပြည်သူ့သဘောထား

ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။

နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။

နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။

ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေး ဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

mgyoe.com

mgyoe.com SAMPLE BOOK

## မာတိကာ


| | |
|---|---|
| ရောဘတ်ကီယိုဆာကီအကြောင်း | ၇ |
| အဖွင့်စကား | ၁၁ |
| အပိုင်း - တစ် မိတ်ဆက် | ၁၇ |
| အပိုင်း - နှစ် မိတ်ဆက် | ၂၁ |
| အပိုင်း - သုံး မိတ်ဆက် | ၂၄ |
| အပိုင်း - တစ် | ၃၃ |
| အခန်း - ၁ | ၃၅ |
| အခန်း - ၂ | ၅၃ |
| အခန်း - ၃ | ၆၄ |
| အခန်း - ၄ | ၈၃ |
| အခန်း - ၅ | ၁၀၀ |
| အခန်း - ၆ | ၁၁၈ |
| အခန်း - ၇ | ၁၂၉ |
| အခန်း - ၈ | ၁၃၇ |
| အပိုင်း - နှစ် | ၁၄၇ |
| အခန်း - ၉ | ၁၄၉ |
| အခန်း - ၁၀ | ၁၆၅ |
| အခန်း - ၁၁ | ၁၇၉ |
| အခန်း - ၁၂ | ၁၈၆ |
| အခန်း - ၁၃ | ၁၉၂ |
| အပိုင်း - သုံး | ၂၀၇ |
| အခန်း - ၁၄ | ၂၁၀ |
| အခန်း - ၁၅ | ၂၂၈ |
| အခန်း - ၁၆ | ၂၄၁ |
| အခန်း - ၁၇ | ၂၅၉ |
| အခန်း - ၁၈ | ၂၇၀ |
| အခန်း - ၁၉ | ၂၉၃ |
| အခန်း - ၂၀ | ၃၁၈ |
| အပိုင်း - လေး | ၃၂၃ |
| အခန်း - ၂၁ | ၃၂၅ |


mgyoe.com

mgyoe.com SAMPLE BOOK

**ပန်းရှေပြည်စာအုပ်တိုက်မှ**
**စာရေးသူ၏ ထုတ်ဝေပြီးစာအုပ်များ**

- ဒေးလ်ကာနက်ဂျီ၏ ငါးမိနစ် အတ္ထုပ္ပတ္တိများ
- ဒေးလ်ကာနက်ဂျီပြောပြသည့် တိုးတိုးတိတ်တိတ် ဖြစ်ရပ်များ
- ဒေးလ်ကာနက်ဂျီသိသော လူကျော်လူတော်များ
- ပညာနှင့် ဘဝ အောင်မြင်ရေးလမ်းညွှန်
  ('ရဲမြင့်အောင်' အမည်ဖြင့်)
- စကားမှတ်တမ်း စာမှတ်တမ်း
- သူဌေးဖေဖေ ဆင်းရဲဖေဖေ
- ဇာဘုရင်နန်းတော်ထဲက ရင်ငွေ့လှုံ့ဆရာကြီး ရပ်စ်ပြူတင်
- မပြောသောစကားကို နားလည်ရေး

mgyoe.com

mgyoe.com SAMPLE BOOK

**ရောဘတ် ကီယိုဆာကီ အကြောင်း။ ။**

ရောဘတ် ကီယိုဆာကီသည် စတုတ္ထမျိုးဆက်မြောက် ဂျပန် အမေရိကန် ကပြားဖြစ်၍ ဟာဝေယံကျွန်းတွင် မွေးဖွားကြီးပြင်းခဲ့သူ ဖြစ်၏။ နယူးယောက်ကောလိပ်မှ ဘွဲ့ရပြီး၊ ကမ်းတက်မရင်းတပ်ဖွဲ့တွင် ဝင်ရောက်အမှုထမ်းကာ ဗီယက်နမ်သို့ အရာရှိအဖြစ် ရောက်သွားသည်။ ဟယ်လီကော့ပတာ တိုက်ခိုက်ရေးယာဉ် ယာဉ်မှူး ဖြစ်ခဲ့သည်။

စစ်ထဲမှ ထွက်ခဲ့ပြီးနောက် ရောဘတ်သည် ဇီးရော့က္စကော်ပို ရေးရှင်း၌ ဝင်လုပ်သည်။ ၁၉၇၇ ခုနှစ်တွင် ဗယ်ကရိုနိုင်လွန်အိတ်များ ထုတ်လုပ်သော ကုမ္ပဏီ ထောင်သည်။ ၁၉၈၅ခု၌ နိုင်ငံတကာ ပညာရေး ကုမ္ပဏီ ဖွင့်လှစ်၍ စီးပွားရေးလုပ်ငန်းနှင့် ရင်းနှီးမြှုပ်နှံမှုဘာသာရပ် များကို ကမ္ဘာအနှံ့ရှိ ထောင်ပေါင်းများစွာသော ကျောင်းသားများအား သင်ကြားပို့ချသည်။

၁၉၉၄ ခုနှစ်တွင် ရော်ဘတ်သည် ၎င်း၏ လုပ်ငန်းများကို ရောင်းချပြီး အသက် ၄၇နှစ်တွင် အငြိမ်းစားယူသည်။ ထိုသို့ ခေတ္တ အငြိမ်းစားယူစဉ်အတွင်း Rich Dad Poor Dad ပညာပေးစာအုပ်ကို ရေးသားခဲ့သည်။ ထို့နောက် နောက်ဆက်တွဲစာစဉ်အဖြစ် Rich Dad's Cashflow Quadrant, Rich Dad's Guide to Investing, Rich kid Smart kid စာအုပ်များကို ရေးသားထုတ်ဝေခဲ့ပြန်၏။



mgyoe.com

mgyoe.com SAMPLE BOOK

ရောဘတ်၏ စာအုပ်အားလုံးလိုလိုပင် 'ဝေါလ် စထရိဂျာနယ်၊ ဘစ်စနက်စ်ဝိခ်၊ နယူးယောက်တိုင်းစ်၊ အိုး–ထရိတ်ကွန်း'စသော နာမည်ကျော်သထင်းစာဂျာနယ်ကြီးများ၌ ရောင်းအကောင်းဆုံးစာရင်းဝင် ဖြစ်ခဲ့၏။

ရောဘတ်သည် ၎င်း၏သူဌေးဖေဖေ နှစ်ပေါင်းများစွာ သင်ကြားပေးခဲ့သော ငွေကြေးပညာ မဟာဗျူဟာများကို တစ်ဦးချင်း ဖော်ထုတ်သင်ကြားပေးသည့် 'ကက်ရှ် ဖလိုး'ပညာပေး ကစားနည်းကိုလည်း တီထွင်ခဲ့သည်။ ထို နည်းပညာဗျူဟာများအရပင် ရောဘတ်သည် အသက် ၄၇နှစ်၌ အငြိမ်းစားယူနိုင်ခဲ့ခြင်း ဖြစ်သည်။

ရောဘတ် မကြာခဏ ပြောနေကျစကား တစ်ခွန်း ရှိပါသည်။

"ကျွန်တော်တို့ဟာ အလုပ် ပင်ပင်ပန်းပန်း လုပ်ပြီးငွေရှာဖို့ ပညာကို ကျောင်းမှာ သွားသင်ခဲ့ကြရတယ်။ ခု ကျွန်တော်ရေးတဲ့ စာအုပ်နှင့် ပညာပေးထုတ်လုပ်မှုတွေကတော့ ငွေကို ပြန်ခိုင်းတဲ့ပညာတွေ သင်ပေးနေတာပါ။ ဒီလိုနှင့် လူတွေဟာ ကျွန်တော်တို့နေတဲ့ ဒီကမ္ဘာကြီးရဲ့ စည်းစိမ်ချမ်းသာမှန်သမျှကို ဝမ်းမြောက်ဝမ်းသာ ခံစားရရှိကြမှာပါ"ဟူ၏။

## ရှရွန် အယ်လ် လက်ချ်တာ အကြောင်း။ ။

ရောဘတ် ကီယိုဆာကီနှင့်အတူ သူဌေးဖေဖေ စာစဉ်များ ပူးတွဲရေးသား၍ 'ကက်ရှ်ဖလိုး'နည်းပညာ လုပ်ငန်းကော်ပိုရေးရှင်း၏ အမှုဆောင်အရာရှိချုပ်အဖြစ် ပညာရေးလောကတွင် အစွမ်းရှိသမျှ ဘဝနှစ်မြှုပ်ထားသူ ဖြစ်၏။

ဖလော်ရီဒါပြည်နယ် တက္ကသိုလ်မှာ စာရင်းကိုင်ဘွဲ့ကို ဂုဏ်ထူးများနှင့် ရခဲ့သည်။ စာရင်းကိုင်အဖွဲ့ကြီး ရှစ်ခု၌ အရေးပါသောတာဝန်များ


mgyoe.com

ထမ်းဆောင်ခဲ့သည်။ ထို့အပြင် ကွန်ပျူတာကုမ္ပဏီကြီးများ၊ အာမခံလုပ်ငန်းကြီးများ၊ စာအုပ်တိုက်ကြီးများတွင် စီမံအုပ်ချုပ်မှု အဆင့်မြင့်ရာထူးများကို ထိုက်တန်စွာ ရရှိခဲ့သည်။

ရှုရွန်သည် မိုက်ကယ်လက်ချ်တာနှင့် လက်ထပ်ခဲ့ပြီး၊ မိခင်လိုပင်ပညာရည်ထူးချွန်သော သား နှစ်ယောက်၊ သမီး တစ်ယောက် ရခဲ့သည်။

ရှုရွန်သည် သင်္ချာ၊ ကွန်ပျူတာ၊ အရေးအဖတ် ပညာရပ်များကို ဟောပြောပို့ချပေးခဲ့ရာမှ ၁၉၈၉ ခုနှစ်၌ 'စကားပြောသောစာအုပ်'ဟူသော အသံသွင်းစီဒီခွေ တီထွင်သူများနှင့်ဆက်မိကာ E Book များကို တွင်ကျယ်စွာ ထုတ်ဝေနိုင်ခဲ့သည်။

ယခုအခါ ရှုရွန်အနေဖြင့် ကလေးငယ်များ ပညာရေးအားနည်းပညာသစ်များဖြင့် မြှင့်တင်ပေးမှုကို ဦးဆောင်နေသည်။

ရှုရွန်က...

"ကျွန်မတို့ဟာ လက်ရှိပညာရေးစံနစ်ကို အသစ်ပြောင်းလဲနေတဲ့ နောက်ဆုံးပေါ်နည်းပညာသစ်တွေနှင့် ပေါင်းစပ်ပြီး ကမ္ဘာအနှံ့ဖြန့်ရပါလိမ့်မယ်။ လူငယ်တွေကို ပညာရော ငွေကြေးပညာရော နှစ်ခုစလုံးမှာ ကျွမ်းကျင်အောင် လေ့ကျင့်ပျိုးထောင်ပေးရမှာပါ။ ဒါမှလည်း သူတို့ဟာ ဘဝလှပရုံမကဘဲ မျက်မှောက်ကမ္ဘာကြီးမှာ ထွန်းတောက်တဲ့ အလင်းရောင်တွေ ဖြစ်လာမှာပေါ့"ဟု သူ့ဆန္ဒကို ဖွင့်ဆိုခဲ့ပါသည်။

ပရဟိတလုပ်ငန်းများတွင် ဝါသနာထက်သန်သော ရှုရွန်သည် အလှူရှင်အဖြစ်သာမက၊ စေတနာ့လုပ်အားရှင်အဖြစ်ပါ အခိုင်အမာရပ်တည်နေသည်။ စီးပွားရေးပညာ ဖွံ့ဖြိုးရေးဖောင်ဒေးရှင်းအဖွဲ့ကို တည်ထောင်ရုံသာမက၊ အရီဇိုးနားရှိ အမေရိကန်ပြည်ထောင်စုကလေးငယ်များ ကူညီထောက်ပံ့ရေးဘုတ်အဖွဲ့၏ ညွှန်ကြားရေးမှူးအဖြစ်ပါ တာဝန်ယူထားသည်။


mgyoe.com

mgyoe.com SAMPLE BOOK

အမျိုးသမီးအသင်းအဖွဲ့များ၌လည်း အဖွဲ့ဝင်တစ်ဦးအနေဖြင့် တက်ကြွစွာ ပါဝင်လှုပ်ရှားနေပြီး၊ နိုင်ငံတစ်ဝှမ်းမှ ကျွမ်းကျင်ပညာရှင် အမျိုးသမီးများနှင့် ဆက်သွယ်ကာ အကျိုးဆောင်နေသူလည်း ဖြစ်၏။

'သူဌေးဖေဖေ'စာအုပ်ရေးသူ လုပ်ငန်းအစုစပ် ရောဘတ်ကီယို ဆာကီက သူမအကြောင်းကို ယခုလို ဖော်ထုတ် ချီးကျူးခဲ့ပါသည်။

"ရှရွန်ဟာ ရှားရှားပါးပါးတွေ့ရတဲ့ ပါရမီရှင် ဦးဆောင်လုပ်ငန်းရှင် တစ်ယောက်ပါပဲ။ ကျွန်တော်တို့ သူနှင့် လက်တွဲလုပ်နေရင်းက တစ်နေ့တခြား လေးစားမှုတွေ ပိုပိုလာရပါတယ်"


mgyoe.com

m.gyoe.com SAMPLE BOOK

# အဖွင့်စကား

ဂိုးလိယက်ကို ဒေးဗစ် ဘာကြောင့်တွေ့ခဲ့ရတာလဲ

ဒေးဗစ်နှင့် လူ့ဘီလူးကြီး ဂိုးလိယက်တို့ရဲ့ ဂန္ထဝင်ပုံပြင်ဟာ ကျွန်တော့်ရဲ့သူငွေးဖေဖေ အကြိုက်ဆုံး ပုံပြင်တစ်ပုဒ် ဖြစ်ပါတယ်။

သူဌေးဖေဖေက သူ့ကိုယ်သူ ဒေးဗစ်အမှတ်နှင့် ဘာမျှမရှိတဲ့ လက်မဲ့ဘဝကနေ ဧရာမစီးပွားရေးလုပ်ငန်းကြီးတွေကို ပြိုင်ဆိုင်အနိုင် တိုက်ခဲ့တယ်လို့ ယူဆခဲ့ပုံ ရပါတယ်။

သူဌေးဖေဖေ ပြောလေ့ရှိတာကတော့...

"ဒေးဗစ်က ဂိုးလိယက်ကို အနိုင်ရခဲ့တဲ့ အချက်ကတော့ 'တွန်းကန်အား'ရဲ့ ထက်မြက်တဲ့အစွမ်းအာနိသင်ကို ချိန်ဆပြီး ထိရောက်အောင် ဘယ်လိုအသုံးချရ မှန်းသိခဲ့လို့ပဲ။ လူငယ်လေးတစ်ဦးအနေနှင့် ပစ်လိုက်တဲ့ ခဲချက်ဟာ သူ့ထက်, အဆမတန်အင်အားကြီးမားတဲ့ ကြောက်စရာလူ့ဘီလူးကြီးထက် သာသွားတယ်။ ဒါဟာ တွန်းကန်အားရဲ့ တန်ခိုးအာနိသင်ပဲ"

ကျွန်တော့်ရဲ့ အရင်စာအုပ်တွေမှာ ငွေကြေးစီးဆင်းမှု၊ သို့မဟုတ် ငွေဝင်လမ်းဖြောင့်ခြင်းနှင့် ပတ်သက်တဲ့ အစွမ်းအာနိသင်တွေအကြောင်း ဖော်ထုတ်ရေးသားခဲ့ပါတယ်။

m.gyoe.com

mgyoe.com SAMPLE BOOK

သူဌေးဖေဖေကလည်း...

"ငွေကြေးစီးဆင်းမှုဆိုတာ ငွေလောကမှာ အရေးကြီးဆုံးစကားလုံး ဖြစ်တယ်ကွ။ ဒုတိယအရေးအကြီးဆုံး စကားလုံးကတော့ 'တွန်းကန်အား'ပဲ"လို့ ပြောခဲ့လေရဲ့။

တစ်ဆက်တည်းမှာ...

"တွန်းကန်အားဟာ လူတွေ ချမ်းသာခြင်း, မချမ်းသာခြင်းရဲ့ အကြောင်းရင်းတစ်ခုလို့ ဆိုနိုင်တယ်"တဲ့။

တွန်းကန်အားပဲပြောပြော၊ မောင်းနှင်အားပဲဆိုဆို 'အား'ဆိုတာ အစွမ်းထက် တန်ခိုးအာနိသင်ပဲ ဖြစ်ပြီး အဲဒီ တန်ခိုးအာနိသင်ဟာ ခင်ဗျားစိတ်တိုင်းကျ အကျိုးပြုနိုင်သလို၊ ဆန့်ကျင်ဘက်သက်ရောက်မှုလည်း ပေးနိုင်ပါတယ်။

အဲ့သလောက် တန်ခိုးကြီးတဲ့တွန်းကန်အားကို တချို့က အချိန်အခါ မှန်မှန်ကန်ကန် အသုံးချတယ်။ တချို့က နားလည်မှုမှားပြီး တလွဲ သုံးတယ်။ တချို့ကျတော့ အသုံးချရမှာတောင် ကြောက်တယ်။


သူဌေးဖေဖေက ပြောတယ်လေ။

"တို့ အမေရိကန်အားလုံးရဲ့ ငါးရာခိုင်နှုန်းနီးပါးသာ ချမ်းသာကြတာဟာ အဲဒီ ငါးရာခိုင်နှုန်းသော လူတွေလောက်ပဲ တွန်းကန်အားရဲ့ အစွမ်း အသုံးဝင်မှန်းကို သိတာကြောင့်ပေါ့။ လူအတော်များများ ချမ်းသာချင်ကြပါလျက်နှင့် ချမ်းသာခွင့်မရတာဟာ တွန်းကန်အားကို အမှားသုံး လို့ပဲ။

"ဒါ့အပြင် အများစု မချမ်းသာကြတာကတော့ တွန်းကန်အားရဲ့ ထက်မြက်မှုကို ကြောက်ရွံ့ကြတဲ့အတွက်ပဲ ဖြစ်တယ်။


mgyoe.com

mgyoe.com SAMPLE BOOK 



## တွန်းကန်အားရဲ့ ပုံစံအမျိုးမျိုး

တွန်းကန်အားမှာ ပုံစံအမျိုးမျိုး ရှိတယ်။ သိသာလွယ်တဲ့ ပုံစံတစ်ရပ်ကတော့ ငွေချေးခြင်းဆိုင်ရာ တွန်းကန်အားပဲပေါ့။

ဒီ တန်ခိုးထက်လှတဲ့တွန်းကန်အားကို သဘောမပေါက်ဘဲ အပြစ်တင် အလွဲသုံးမိကြတာဟာ ဒီနေ့ခေတ် လူသားတွေရဲ့ နက်ရှိုင်းတဲ့ ပြဿနာကြီးလို့ ဆိုရမယ်။

သန်းပေါင်းများစွာသောလူတွေ ငွေကြေးအခက်အခဲကြုံရတာဟာ အကြွေးယူခြင်းတွန်းကန်အားရဲ့ အကျိုးအာနိသင်ကို ဆန့်ကျင်မိကြလို့ပဲ ဖြစ်ပါတယ်။ အကြွေးရဲ့တွန်းကန်အားကို နားလည်မှုလွဲခဲ့တဲ့ အကျိုးဆက်ကတော့ အကြွေးယူရမှာ ကြောက်ကုန်ကြတာပါပဲ။ ဒီလိုနှင့်...

'ကြွေးဝယ်ခွင့် ခရက်ဒစ်ကတ်တွေ ပြန်အပ်၊ အပေါင်အနှံထားတာတွေ ပြန်ရွေး၊ အကြွေးကင်းအောင် လုပ်'လို့ ပြောလေ့ရှိခဲ့ကြပါရော။


mgyoe.com

mgyoe.com SAMPLE BOOK

ဒါကို ကျွန်တော့်ရဲ့သူဌေးဖေဖေက ရယ်သွမ်းသွေးပါလိမ့်မယ်။ သူက...

"ခရက်ဒစ်ကတ်တွေ မသုံးရုံနှင့် မင်း ချမ်းသာ မလာနိုင်ပါဘူး။ ငါ ခရက်ဒစ်ကတ်တွေ ပြန်အပ်လိုက်လို့လည်း မပြေမလည်နှင့် ကိုယ့်စိတ်ဆင်းရဲတာပဲ အဖတ်တင်မှာပေါ့"လို့ ပြောပါတယ်။

ပြီးတော့...

"တချို့လူတွေလက်ထဲ ခရက်ဒစ်ကတ်ရောက် သွားတာဟာ အရက်မူးသမားကို ကျည်ဆံအပြည့်ပါတဲ့ သေနတ် ထည့်လိုက်တာနှင့် အတူတူပါပဲ။ အရက်မူးသမား ကိုယ်တိုင်ရော၊ သူနှင့် နီးစပ်ရာလူတွေကိုပါ အန္တရာယ် ပေးနိုင်တယ်လေ။

"ဒါပေမယ့် အဓိကအရေးကြီးတဲ့အချက်က အကြွေးစနစ်ကို ကိုယ်က အကျိုးရှိရှိ အသုံးချတတ်ဖို့ လိုတာပဲ။ ဒီနေရာမှာ ယူသင့်တဲ့အကြွေးနှင့် မယူသင့်တဲ့ အကြွေးအကြောင်း သိထားရမယ်။ ယူသင့်ယူထိုက်တဲ့ အကြွေးက မင်းတို့ကို ချမ်းသာအောင် လုပ်ပေးမှာ ဖြစ်ပြီး၊ မယူသင့်တဲ့အကြွေးကတော့ ဆင်းရဲမွဲတေစေမှာ မုချပဲ"

လူအများစုက ကြွေးတင်ကျွန်ဖြစ် နွံနစ်နေကြတဲ့ တစ်ချိန်တည်းမှာ ကျန်တဲ့လူ အတော်များများကလည်း ကြွေးယူရမှာ ကြောက်နေကြပြီး 'တို့မှာ ဘာအကြွေးမှ မရှိဘူး။ ကြွေးကင်းတယ်ကွ'လို့ လက်မထောင်ဖို့ ကြိုးစားနေကြတယ်။

ဒီစာအုပ်မှာ ကျွန်တော်နှင့် ကျွန်တော့်ဇနီး ကင်တို့ နှစ်ယောက် ငယ်ငယ်ရွယ်ရွယ်နှင့် ချမ်းချမ်းသာသာ အလုပ်နားခွင့်ရတာဟာ အကြွေးတွေ တနင့်တပိုး ယူခဲ့ကြလို့သာ ဖြစ်ပါတယ်။ ဒါပေမယ့် ယူသင့်ယူထိုက်တဲ့ အကြွေးတွေဖြစ်ပြီး၊ ကျွန်တော်တို့ကို ချမ်းသာအောင်လုပ်ပေးခဲ့ရုံမက ငွေကြေးသောက ကင်းဝေးစေခဲ့ပါတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

တစ်နည်းပြောရရင်တော့ ကျွန်တော်တို့ဟာ တွန်းကန်အားရဲ့ တန်ခိုးစွမ်းအင်ကို ချိန်ဆ အသုံးချခဲ့လို့ပါပဲ။ ကျွန်တော်တို့အနေနှင့် ဒီစွမ်းအင်ကို တလွဲ မသုံးခဲ့သလို၊ သုံးရမှာလည်း မကြောက်ခဲ့လို့ပါပဲ။

အဲဒီအစား တွန်းကန်အားရဲ့အစွမ်းအာနိသင်ကို ယုံကြည်ကိုးစား စိတ်ထားပြီး သတိကြီးစွာ ပညာသားပါပါ အသုံးချခဲ့လို့ပဲ ဖြစ်ပါတယ်။

## လူတိုင်း ချမ်းသာနိုင်မတဲ့လား

'သူဌေးဖေဖေ ဆင်းရဲဖေဖေ' စာအုပ် ထွက်ခဲ့ပြီးတဲ့ နောက် ရာပေါင်းများစွာသော တွေ့ဆုံပွဲတွေမှာ ခုလို မေးခွန်း အမေးခံခဲ့ ရပါတယ်။

"လူတိုင်း ချမ်းသာနိုင်တယ်လို့ ခင်ဗျား ထင်ပါသလား"

ကျွန်တော်ကလည်း ခပ်ရဲရဲပဲ ပြန်ဖြေမိခဲ့ပါတယ်။

"ဟုတ်ကဲ့။ လူတိုင်းမှာ ချမ်းသာခွင့်ရှိတယ်လို့ ကျွန်တော် ယုံကြည်ပါတယ်"

ဒီအခါ နောက်မေးခွန်းတစ်ခု ထပ်ထွက်လာတာကတော့...

"လူတိုင်း ချမ်းသာခွင့်ရှိပါလျက်နှင့် တကယ်တမ်းမှာ လက် တစ်ဆုပ်စာလောက်သာ ချမ်းသာနေကြတာ ဘာကြောင့်လဲ" ဆိုတာ ပါပဲ။

ဒီတော့လည်း ကျွန်တော့်တုံ့ပြန်ချက်က...

"ကျွန်တော် ထုတ်ဝေပြီးတဲ့ 'သူဌေးဖေဖေ'အုပ်တွဲတွေမှာ ဒီ အဖြေတွေ အပြည့်အဝမဟုတ်တောင် ပါသင့်သလောက် ပါပြီးသားပါ"


mgyoe.com

mgyoe.com
SAMPLE BOOK

ဘာပဲဖြစ်ဖြစ်၊ အခုစာအုပ်မှာတော့ လူတိုင်းချမ်းသာခွင့် စွမ်းအားသတ္တိတွေရှိတဲ့အကြောင်း တတ်နိုင်သလောက် ဖွင့်ဆိုထားပါတယ်။

ဒါနှင့်အမျှ ကျွန်တော်နှင့် ဇနီးဖြစ်သူ ကင်တို့ဟာ ပိုက်ဆံတစ်ပြားမျှမရှိ လက်ဗဝါးခြေဗဝါးက စ,ခဲ့ကာ ငယ်ငယ်လေးနှင့် လူချမ်းသာတွေဖြစ်ပြီး အငြိမ်းစားနေနိုင်ခဲ့ကြတဲ့ အကြောင်းရင်းတွေကိုပါ ဖောက်သည်ချပေးထားပါတယ်။

ပြီးတော့လည်း 'ဘာကြောင့် တချို့သာ ချမ်းသာပြီး၊ ဘာဖြစ်လို့ အများစုက ဆင်းရဲတယ်' ဆိုတာကိုလည်း ရှင်းပြထားပါတယ်။

ချုပ်လိုက်ရင်တော့ 'တွန်းကန်အား'နှင့် ဆိုင်ပါတယ်။

ပထမ လေးအုပ်မှာ ငွေဝင်လမ်းဖြောင့်စေတဲ့ အခြေခံ နည်းနိသယတွေကို ဖော်ညွှန်းထားပါတယ်။

ဒီစာအုပ်ကတော့ တွန်းကန်အားစွမ်းအားတွေ၊ ချိန်ဆမှုတွေ အကြောင်းသက်သက်ကို တစ်စောင်တစ်ဖွဲ့ သီးသန့် ပြဆိုထားတာပါ။

ကျွန်တော်တို့ဘဝမှာ 'အား'တွေထည့်ဖို့ အထူး လိုအပ်သလို၊ ဒီ စကားတစ်လုံးဟာ အကျယ်ချဲ့ပြောရလောက်အောင် ကြီးကျယ်လွန်းလှပါတယ်။

ဒီစာအုပ်မှာ တွန်းကန်အားနှင့်ပတ်သက်လို့ အရေးကြီးတဲ့ပုံစံအသွင်သဏ္ဌာန် သုံးမျိုးကို အပိုင်း သုံးပိုင်းခွဲပြီး တင်ပြထားပါတယ်။


mgyoe.com

## အပိုင်း-တစ် မိတ်ဆက်

### စိတ်ရဲ့တွန်းကန်အားနှင့် အချိန်အဆ

ဒါဟာ ဒီစာအုပ်ရဲ့ အရေးအပါဆုံး ကဏ္ဍပါပဲ။ အဲဒီကဏ္ဍမှာ ငွေချည်းသက်သက်က ဘာကြောင့် ချမ်းသာအောင် မလုပ်နိုင်တဲ့ အကြောင်းရေးထားတာ တွေ့ရပါလိမ့်မယ်။

ဒီအပြင် ကမ္ဘာပေါ်မှာရှိသမျှ စွမ်းအားတွေအနက် တန်ခိုးအကြီးဆုံးဟာ 'စိတ်'ပဲဖြစ်ပြီး၊ ချမ်းသာအောင် လုပ်နိုင်တာလည်း စိတ်၊ ဆင်းရဲအောင်လုပ်နိုင်တာလည်း စိတ်ဆိုတာ ထုတ်ဖော်ထားပါတယ်။

လူတွေဟာ သူ့ရဲ့ဦးနှောက်ထဲက အသိဉာဏ်နှင့် စိတ်ရဲ့ ပြဋ္ဌာန်းချက်အလျောက် ကြီးပွားတိုးတက်၊ ဆုတ်ယုတ်ကျဆင်းရတယ် ဆိုတာ နားလည်အောင် ရှင်းပြထားပါတယ်။



mgyoe.com

mgyoe.com
SAMPLE BOOK

စကားလုံးတွေဟာလည်း တွန်းကန်အားပဲ

သူဌေးဖေဖေ အမြဲပြောခဲ့တာပါ။

"စကားလုံးတွေဟာ တွန်းကန်အားပဲ။ စကားလုံးတွေဟာ အစွမ်းထက်တဲ့ လက်နက်ကိရိယာပဲ။ ဦးနှောက်အတွက်လိုအပ်တဲ့ လက်နက်ကိရိယာတွေပဲပေါ့။ အကြွေးယူတာဟာ မင်းကို 'ချမ်းသာ' 'ဆင်းရဲ'ပေးနိုင်သလို စကားလုံးတွေကလည်း ချမ်းသာအောင်၊ ဆင်းရဲအောင် လုပ်နိုင်တယ်"တဲ့။

ဒီအပိုင်းမှာ လူချမ်းသာတွေသုံးစွဲတဲ့ စကားလုံးနှင့် ဆင်းရဲသားတွေသုံးစွဲတဲ့ စကားလုံး မတူခြားနားကြတာနှင့်အမျှ၊ စကားလုံးရဲ့ အစွမ်းတန်ခိုးတွေကိုလည်း သိထားရပါမယ်။

သူဌေးက သူဌေးစကား ပြောမယ်။ ဆင်းရဲသားက ဆင်းရဲသားစကား ပြောတယ်။

သူဌေးဖေဖေ မကြာခဏ ပြောလေ့ရှိပါတယ်။

"မင်းဦးနှောက်ဟာ မင်းခန္ဓာကိုယ်ရဲ့ အစွမ်းအထက်ဆုံး အင်္ဂါ အစိတ်အပိုင်းတစ်ခု ဖြစ်တာနှင့်အမျှ အရေးကြီးတဲ့တာဝန်ကို ထမ်းဆောင်ရတယ်။ မင်း ဦးနှောက်ထဲမှာ မှန်တဲ့စကားလုံးကို ထည့်သုံးရင် အရမ်း ချမ်းသာသွားမှာပဲ။ အဲ၊ စကားလုံးမှားသွားရင်တော့ ဆင်းရဲအောင် လုပ်လိုက်လိမ့်မယ်"

ဒီတော့ ဒီ 'အပိုင်း-တစ်'မှာပဲ ချမ်းသာစေမယ့် စကားလုံး၊ ဆင်းရဲစေတဲ့စကားလုံးတွေပါတာ တွေ့ရပါလိမ့်မယ်။

ငွေကို ငွေနှင့် ချုပ်ကိုင်သက်သက်သာ မဟုတ်ဘူး။ စကားလုံးတွေနှင့်လည်း ချုပ်ရလိမ့်မယ်။

ချမ်းသာခြင်းရဲ့အစဟာ အားရှိတဲ့စကားလုံးတွေသာ ဖြစ်ပါတယ်။


mgyoe.com

mgyoe.com SAMPLE BOOK 

'သူဌေးဖေဖေ ဆင်းရဲဖေဖေ'စာအုပ်မှာ သူဌေးဖေဖေက ကျွန်တော်နှင့် သူ့သားကို တားမြစ်ဆုံးမခဲ့ဘာ မှတ်မိဦးမလား မသိဘူး။

"ငါ မတတ်နိုင်ဘူးလို့ ဘယ်တော့မှ မပြောနှင့်" ဆိုတာလေ။

"ငါတော့ တတ်နိုင်မှာ မဟုတ်ပါဘူးကွာဆိုတဲ့ စကားကို သူဌေးတွေထက် ဆင်းရဲသားတွေက ပိုသုံးတတ်တယ်ကွ။ ဒီလို အခြေခံစကားလုံး ကွာခြားတာနှင့် သူတို့ဘဝတွေလည်း ခြားနားသွားကြတာပဲ"

သူဌေးဖေဖေ ပြောခဲ့တာပါ။

## ရင်းနှီးမြှုပ်နှံမှုဟာ စွန့်စားခြင်းမဟုတ်

'ငွေရင်းမြှုပ်နှံမှုဟာ စွန့်စားခြင်းပဲ'လို့ ပြောခဲ့ကြတဲ့လူတွေဟာ ငွေမြှုပ်လုပ်ရတဲ့ ဈေးကွက်တချို့မှာ ဝက်ဝက်ကွဲရှုံးတဲ့ အရှုံးသမားတွေ ဘာကြောင့်ဖြစ်ရသလဲဆိုတာ ဒီစာအုပ်က အဖြေထုတ်ပေးပါလိမ့်မယ်။

ဒီအချက်ကလည်း စကားလုံးတွေနှင့် ပတ်သက်နေပြန်ပါတယ်။

အတွေးမှန်မှ ရလဒ်ကလည်း မှန်ပါလိမ့်မယ်။

စွန့်စားရတဲ့ ရင်းနှီးမြှုပ်နှံမှုလို့ဆိုတာနှင့် မဝံ့မရဲ တွန့်ဆုတ်ဆုတ်သွားလုပ်မိရင် ရလဒ်ကောင်း ထွက်လာမှာ မဟုတ်တော့ပါဘူး။

စင်စစ်တော့ ရင်းနှီးမြှုပ်နှံရာမှာ သည်းတထိတ်ထိတ်နှင့် စွန့်စားရတာ မဟုတ်ပါဘူး။

အဲသလို မဟုတ်အောင်လည်း စိတ်ချရတဲ့ အာမခံချက်၊ ကြီးမားတဲ့အကျိုးအမြတ်ဆိုတာတွေကို အပိုင် တွက်နိုင်ဖို့ 'စိုးရိမ်စိတ်ရယ်, လွဲမှားတဲ့စကားလုံးတွေရယ်ကို အရင် ဖယ်ထုတ် ပြောင်းပစ်ရမယ့်ဆိုတဲ့ အချက်လည်း ဒီစာအုပ်မှာ ပါပါတယ်။

စွန့်မှ စားရမယ်။ ရင်းမှ မြတ်မယ်။


mgyoe.com

mgyoe.com
SAMPLE BOOK

ကြောက်ရင်လွဲ ရဲရင် မင်းဖြစ် ဆိုသလိုပေါ့။

ငွေကြေးကိစ္စမှာ ဦးနှောက်အား,ဉာဏ်အား ဆန့်ကျင်ဘက် မလုပ်ဘဲ အသာစီးရအောင် ဘယ်လိုလုပ်ရမလဲဆိုတာ ဒီကဏ္ဍမှာ တွေ့ရပါလိမ့်မယ်။

ငယ်ငယ်ရွယ်ရွယ်နှင့် သူကြွယ်ကြီးဖြစ်ပြီး အငြိမ့်သား ထိုင်စားချင်တယ်ဆိုရင်တော့ ဦးနှောက်ဉာဏ်ရဲ့ ထက်မြက်တဲ့စွမ်းအားတွေ အသုံးချရမှာပဲ။ ဦးနှောက်အားက ကိုယ့်ကို ဆန့်ကျင်ဖောက်ပြန်ရာ မရောက်အောင် သတိထားဖို့ လိုပါတယ်။

သူဌေးဖေဖေက ပြောဖူးတယ်။

"လူများစုဟာ ကမ္ဘာပေါ်မှာ အစွမ်းအထက်ဆုံး ဦးနှောက်နှင့် သူတို့ကိုယ်သူတို့ ဆင်းရဲအောင် လုပ်နေကြတာပဲ။ 'ငါ မတတ်နိုင်ဘူး' 'ငါ လုပ်နိုင်မယ် မထင်ဘူး' 'ငွေရင်းမြှုပ်နှံမှုဟာ စွန့်စားခန်းကြီးပဲ'၊ 'ငါ့တစ်သက်လုံး ချမ်းသာမှာ မဟုတ်တော့ဘူး'ဆိုတဲ့ စကားလုံးတွေနှင့် သူတို့ရဲ့စွမ်းအားကို အသုံးမချဘဲ အလဟဿ ဖြုန်းတီးပစ်လိုက်ကြတယ်။ ကိုယ့်အစွမ်း ကိုယ်မယုံတဲ့အပြင် အပြစ်တင်ရင်းနှင့် ကိုယ့်ဘဝကိုယ် ဖျက်ဆီးပစ်လိုက်ကြတယ် ဆိုရမယ်"

အစွမ်းထက်ဆုံး ဦးနှောက်နှင့် စိတ်ဓာတ်အင်အားကို ချိန်ဆသုံးပါမှ ငယ်ငယ်ရွယ်ရွယ်နှင့် ချမ်းသာပြီး ဇိမ်ခံ ထိုင်စားရမှာပါ။

ဒါကို လက်မခံနိုင်ရင်တော့ ကျန်တဲ့ 'အပိုင်း-နှစ်'နှင့် 'အပိုင်း-သုံး'ကို ဆက်ဖတ်နေလည်း အပိုပါပဲ။

'အပိုင်း-တစ်'ဟာ အဓိကအရေးကြီးဆုံး ဦးဆောင်မှုပေးနိုင်တဲ့ အစွမ်းထက် ချိန်ဆမောင်းနှင်အားတွေဖြစ်ပြီး၊ ကျန်တဲ့အပိုင်း နှစ်ပိုင်းကတော့ နောက်တွဲတွေအနေနှင့် အလွယ်တကူ အလိုက်သင့်လေး ဆက်ပါလာတာ တွေ့ရပါလိမ့်မယ်။


mgyoe.com

mgyoe.com SAMPLE BOOK



**အပိုင်း-နှစ်မိတ်ဆက်**

**စီမံကိန်းရဲ့တွန်းကန်အားချိန်ဆမှု**

ရင်းနှီးမြှုပ်နှံမှုဟာ စီမံကိန်းတစ်ရပ်ပါပဲ။

ကျွန်တော်တို့ ဇနီးမောင်နှံဟာ ငယ်ငယ်လေးနှင့် အငြိမ်းစား သူဌေးဘဝရောက်ရာအတွက် စီမံကိန်းတစ်ခု ချမှတ်ဖို့ ကြံစည်ခဲ့ရ ပါတယ်။

အဲဒီအချိန်က ကျွန်တော်တို့လက်ထဲမှာ ဘာမျှမရှိတော့ သုည စီမံကိန်းလို့တောင် ခေါ်လောက်ပါတယ်။

စီမံကိန်းပီသစွာပဲ အဆုံးသတ် (ပန်းတိုင်)တစ်ခုရယ်၊ အချိန်က ၁လ သတ်မှတ်ချက်ရယ် ပါခဲ့ပါတယ်။

ကျွန်တော်တို့ရဲ့ အချိန်သတ်မှတ်ချက်ကတော့ ဆယ်နှစ်။ လျော့ချင်သာ လျော့၊ မပိုစေရဘူးပေါ့။

တွက်ကိန်းအတိုင်း ကိုးနှစ်အကြာ ၁၉၉၄ခုနှစ်မှာ လက်ပိုက်ပြီး ထိုင်စားနိုင်ခဲ့ကြရပါတယ်။ ကျွန်တော့်အသက် ၄၇ နှစ်၊ ကင်က ၃၇ နှစ်မှာပဲ ဖြစ်ပါတယ်။

တစ်ပြားမျှမရှိတဲ့ ဘဝက စလိုက်တာ တစ်နှစ်ကို ဒေါ်လာ ရှစ်ထောင့်ငါးရာနှင့် တစ်သိန်းနှစ်သောင်းကြား ဝင်တဲ့အထိ ဘာ့



mgyoe.com

mgyoe.com SAMPLE BOOK

အလုပ်မှမလုပ်ဘဲ ဈေးကွက်အပေါ် အမှီပြုပြီး ရပ်တည်နိုင်ခဲ့ကြတယ် ဆိုပါတော့။

ကျွန်တော်တို့ရဲ့ ဝင်ငွေဟာ ရင်းနှီးမြှုပ်နှံမှုသက်သက်ချည်းက ရတာလို့ ဆိုရပါမယ်။ ငွေကြေးပမာဏအရ သိပ်များလှတယ်လို့ မဆိုနိုင်ပေမယ့် တစ်နှစ်လုံးမှ ဒေါ်လာ ငါးသောင်းတောင်မကုန်တဲ့ ကျွန်တော်တို့ အသုံးစရိတ်နှင့် ကာမိတာမို့ 'ငွေသောက'က ကင်းဝေးပြီး စိတ်အေးရတယ်လို့ ပြောရမှာပဲလေ။

ချမ်းသာအောင်လုပ်ဖို့ အစောကြီး အငြိမ်းစားယူခဲ့ကြတာ

ငယ်ငယ်ရွယ်ရွယ်နှင့် အလုပ်နားပြီး အငြိမ်းစား ယူခဲ့တဲ့ အကျိုးကျေးဇူးတစ်ခုကတော့ ချမ်းသာအောင်လုပ်ဖို့ အချိန်အားတွေ အများကြီး ရခဲ့တာပါပဲ။

စကားမစပ်ပြောရရင် Forbes မဂ္ဂဇင်းက 'တစ်နှစ်ကို ဒေါ်လာ တစ်သန်းနှင့်အထက် ဝင်ငွေရှိမှ ချမ်းသာတယ်'လို့ သတ်မှတ်ပါတယ်တဲ့။

သူ့အဆိုအရဆိုရင် ကျွန်တော်တို့ အနားယူချိန်မှာ တကယ် မချမ်းသာသေးဘူးပဲ ပြောရမှာပေါ့။

ဒါကိုသိလျက်နှင့် စောစောစီးစီး အငြိမ်းစားယူခဲ့ကြတဲ့ အကြောင်းတစ်ချက်ကတော့ ချမ်းသာအောင်လုပ်ဖို့ အချိန်ရရေးအတွက်ပဲ ဖြစ်ပါတယ်။

အငြိမ်းစားယူပြီးတဲ့နောက်ပိုင်း ကျွန်တော်တို့ရဲ့အကြံက ရင်းနှီးမြှုပ်နှံဖို့နှင့် လုပ်ငန်းတွေတည်ထောင်ဖို့ အချိန်တွေဖြုန်းနိုင်ရေးပါပဲ။


mgyoe.com

ဒီနေ့ဆိုရင် ကျွန်တော်တို့မှာ ခိုင်မာတဲ့ အိမ်ခြံမြေလုပ်ငန်း ပိုင်ဆိုင်မှုတွေသာမက၊ စာအုပ်ထုတ်ဝေရေး ကုမ္ပဏီ၊ သတ္တုတူးဖော်တဲ့ ကုမ္ပဏီ၊ နည်းပညာဖြန့်ဖြူးရေးကုမ္ပဏီ၊ ရေနံကုမ္ပဏီတွေကို တည်ထောင်နိုင်ခဲ့တယ်။ စတော့ဈေးကွက်မှာ ငွေကြေးရင်းနှီးမြှုပ်နှံမှုတွေလည်း လုပ်ဆောင်ထားခဲ့ကြပါပြီ။

ဒါကြောင့်လည်း လူတိုင်း 'ငွေပညာ' တတ်သင့်တယ်လို့ ကျွန်တော် ယူဆပြီး ခုလို ပညာပေးစာအုပ်တွေ ရေးထုတ်မိတာပါ။

တချို့လူတွေပြောတာ ကြားရပါတယ်။

"ငါ အငြိမ်းစားယူတဲ့နောက် ငွေ သိပ်မလိုတော့ပါဘူးကွာ။ ငါ့အိမ်မှာ အကြွေးကင်းအောင်လုပ်ပြီး စားဝတ်နေရေးစရိတ်တွေ လျှော့ချလိုက်ရုံပဲ ရှိတာပေါ့"တဲ့။

စားဝတ်နေရေးကို ချွေတာလို့ ရမတဲ့လား။ ရပြီပဲ ထားဦး။ ကျန်းမာရေး၊ ဆေးကုသရေးစရိတ်တွေ ဘယ်လိုရှာမလဲ။

ခင်ဗျားအနေနှင့် ငယ်ငယ်ရွယ်ရွယ်နှင့် ချမ်းချမ်းသာသာ အငြိမ်းစားယူနိုင်ဖို့ဆိုရင် သာမန်လူများစုတွေထက်သာတဲ့ စီမံကိန်းတစ်ခု ရှိဖို့ လိုအပ်ပါတယ်။ 'အပိုင်း–နှစ်'ဟာ အဲဒီစီမံကိန်းအတွက် အလွန်အရေးကြီးတဲ့ တွန်းကန်အားတွေသုံးဖို့ ဖော်ထုတ်ထားတာပါပဲ။



mgyoe.com

mgyoe.com SAMPLE BOOK

## အပိုင်း-သုံး မိတ်ဆက်

### လုပ်ရပ်အပေါ် တွန်းကန်အားပေးခြင်း

ခြစ်စည်းရိုးတန်းပေါ်နားနေတဲ့ ငှက်သုံးကောင် ဇာတ်လမ်းကတော့ ရိုးအီနေပါပြီ။

မေးခွန်းက...

"ငှက်နှစ်ကောင် ထပျံဖို့ ဆုံးဖြတ်လိုက်ရင် ဘယ်နှစ်ကောင် ကျန်ခဲ့မလဲ"တဲ့။

အဖြေက...


"သုံးကောင်ပဲ ကျန်မှာပေါ့" ဆိုတာပါပဲ။

သင်ခန်းစာယူရမှာက ဆုံးဖြတ်ရုံ ဆုံးဖြတ်တာပဲဖြစ်လို့ တကယ် တမ်း မပျံသေးတာကြောင့်ပဲလေ။

လက်တွေ့ဘဝမှာ အမေရိကန်လူဦးရေရဲ့ ငါးရာခိုင်နှုန်း အောက် သာ ချမ်းသာကြတာက ကျန်တဲ့ ၉၅ ရာခိုင်နှုန်းဟာ 'ချမ်းသာချင် ပါတယ်။ ချမ်းသာချင်ပါတယ်'လို့ ပါးစပ်ကပြောရုံပြောနေပြီး၊ ငါးရာခိုင် နှုန်းကပဲ တကယ် ချမ်းသာအောင် လုပ်ခဲ့ကြတာ တွေ့ရပါတယ်။


mgyoe.com

mgyoe.com SAMPLE BOOK 



စတုတ္ထမြောက်စာအုပ်ဖြစ်တဲ့ 'ချမ်းသာတဲ့ကလေး၊ ပါးနပ်တဲ့သူငယ်'မှာ အမှားကျူးလွန်မိတဲ့ ကျောင်းသားငယ်တွေကို ကျောင်းတွေက အပြစ်ပေးပုံတွေနှင့်ပတ်သက်လို့လည်း ရေးထားပါတယ်။

ကျွန်တော်တို့ဟာ အမှားတွေထဲက အမှန်ထုတ် ယူတတ်ဖို့ သင်ကြားရမှာ ဖြစ်ပါတယ်။

စက်ဘီးစီးသင်တဲ့အခါ တဗုန်းဗုန်းလဲပြီးမှ တတ်ကြရပါတယ်။

လမ်းလျှောက်တတ်ဖို့လည်း အကြိမ်ကြိမ် လဲခဲ့ရပါတယ်။

ကျောင်းရောက်တော့ မလဲအောင် သင်ပေးပါတယ်။

လဲတဲ့လူကို လူညံ့လူဖျင်းတွေအဖြစ် နားလည်ခဲ့ကြရတယ်။ ခြစ်စည်းရိုးပေါ်မှာ နားနေတဲ့ ငှက်သုံးကောင်လို အထိုင်ကျ ဟန်ကျနေတဲ့လူတွေမှ တကယ်တော်တဲ့ လူတွေလို့ အသိအမှတ်ပြု သင်ကြားခဲ့ရတယ်။


mgyoe.com

mgyoe.com SAMPLE BOOK

အမေရိကန်တစ်ပြည်လုံးမှာ ငါးရာခိုင်နှုန်းသာ ချမ်းသာခဲ့ကြတာ ဘာကြောင့်လဲဆိုတဲ့အဖြေဟာ အံ့လောက်စရာပါပဲ။

မိုက်ခရိုဆော့ဖ် ကုမ္ပဏီကိုထောင်ခဲ့တဲ့ ဘီလ်ဂိတ်စ်၊ ဒဲလ် ကွန်ပျူတာကော်ပိုရေးရှင်း တည်ထောင်သူ မိုက်ကယ်လ်ဒဲလ်၊ စီအင်န်အင်န် သူဌေး တက်ဒ်တန်နာ၊ ဖို့ဒ်မော်တော်ကား ကုမ္ပဏီရဲ့ဖခင် ဟင်နရီဖို့ဒ်၊ ဂျင်နရယ်အီလက်ထရစ်ကို စဦးတီထွင်ခဲ့တဲ့ သောမတ်စ်အက်ဒီဆင် စတဲ့ပုဂ္ဂိုလ်ကြီးတွေအားလုံး ပညာ တစ်ပိုင်းတစ်စနှင့် ကျောင်းထွက်ခဲ့ကြသူတွေချည်းပါပဲ။

ကျောင်းဟာ မကောင်းဘူးလို့ ကျွန်တော် ပြောနေတာ မဟုတ်ဘူးနော်။ ဒီနေ့လို သတင်းနှင့် နည်းပညာ ခေတ်ကြီးမှာ ကျောင်းပညာရေးဟာ အရင်ထက်တောင် ပို အရေးကြီးလာပါသေးတယ်။

ကျွန်တော်ပြောနေတာက အောင်မြင်ရေးကျင့်စဉ်မှာ ‘လုပ်ပါ’လို့ သင်ထားတာတွေကို ‘မလုပ်နှင့်’လို့ နားလည်ဖို့ တစ်ခါတစ်ရံ လိုအပ်တယ်ဆိုတာပါ။

ခင်ဗျားအနေနှင့် ထူးထူးကဲကဲ အောင်မြင်ချင်တယ်ဆိုရင် ချာတိတ်လေးတွေ ဘယ်လိုသင်ယူတယ်ဆိုတာ လေ့လာပြီး အံ့တုခိုးဖို့ပါပဲ။

ကျွန်တော်တို့ သင်ယူဖို့ ကြုံခဲ့ရတဲ့အထဲမှာ အမှားတွေ လုပ်ရမှာ ကြောက်တာ၊ ချော်လဲမှာ ကြောက်တာ၊ အနှောင့်အယှက်ခံရမှာ ကြောက်တာတွေကို ဘယ်လို ရင်ဆိုင်ကျော်နင်းမလဲဆိုတဲ့အချက်လည်း ပါဝင်ပါတယ်။

ဒါတွေကို ကလေးဘဝမှာ သဘာဝအလျောက် သိခဲ့ရပြီး၊ ကျောင်းကျတော့လည်း အထိုက်အလျောက် သင်ကြားခဲ့ရပါတယ်။

ဒီအသိပညာတွေသာ မရှိခဲ့ရင် ငယ်ငယ်နှင့် ချမ်းသာပြီး အနားယူနိုင်မှာ မဟုတ်ပါဘူး။


mgyoe.com

ချမ်းသာအောင် လူတိုင်းလုပ်နိုင်တဲ့ အလွယ်ဆုံး သုံးမျိုး

ချမ်းသာဖို့လုပ်ဆောင်နည်းဟာ ရိုးရိုးလေးနှင့် လွယ်လှပါတယ်လို့ ကျွန်တော် အမြဲပြောနေကျပါ။

လူတိုင်းလိုလို လုပ်နိုင်ပါတယ်။

'အပိုင်း–တစ်'နှင့် 'အပိုင်း–နှစ်'က လုပ်ဖို့လိုတာလေးတွေ ပြင်ဆင်ပြီးတဲ့အခါ 'အပိုင်း–သုံး'ကို အလွယ်လေးတက်ရုံ ရှိပါတော့တယ်။

လူတွေကို ငယ်ငယ်ရွယ်ရွယ်နှင့် ချမ်းသာအောင် လုပ်ပေးမယ့် အဓိကပစ္စည်း 'သုံးမျိုး'ကို တင်ပြထားပါတယ်။

အဲဒါတွေကတော့...

၁။ အိမ်ခြံမြေ

၂။ စာချုပ်စာတမ်းများ

၃။ လုပ်ငန်းအမျိုးမျိုး

'အပိုင်း–သုံး'မှာ ဒီလို အဖိုးတန်အရေးပါတဲ့ပစ္စည်းတွေကို လက်ဝယ်ပိုင်ဆိုင်ရရှိအောင် လုပ်နိုင်တဲ့နည်းလမ်းတွေကို တင်ပြထားတာတွေ့ရပါလိမ့်မယ်။

သူဌေးဖေဖေ မကြာခဏပြောဖူးတဲ့ အဆိုအမိန့်တွေထဲမှာ "လုပ်ငန်းတစ်ခုလုပ်ရင်း ကြုံတွေ့ရတဲ့ ပြဿနာဟာ ချမ်းသာရေးလမ်းစဉ်ကို အဟန့်အတား ဖြစ်စေတယ်"ဆိုတဲ့ စကားလည်း ပါပါတယ်။

တစ်နည်းအားဖြင့် ကျွန်တော်တို့ ငယ်ငယ်ရွယ်ရွယ်နှင့် အငြိမ်းစားယူခဲ့ကြတာကြောင့် ချမ်းသာအောင်လုပ်ဖို့ အချိန်တွေ ရခဲ့ကြတယ်ဆိုပါတော့။



mgyoe.com

mgyoe.com SAMPLE BOOK

ဒီနေ့ဆိုရင် ရင်းနှီးမြှုပ်နှံမှုနှင့် လုပ်ငန်းတွေက ရလာတဲ့ နှစ်စဉ် ဝင်ငွေဟာ သန်း ချီ ရှိနေသလို၊ ပုံမှန်လည်း တိုးမြင့်လျက် ရှိပါတယ်။ ငွေကြေးဈေးကွက် ပြိုပျက်သွားတဲ့တိုင်အောင် ထိခိုက်နစ်နာစရာ မရှိတဲ့ အထိပါပဲ။ လုပ်ငန်းစဉ်အားလုံးဟာ စီမံကိန်းအရ လည်ပတ်နေဆဲပါ။

ကျွန်တော့်ရဲ့ တတိယစာအုပ်ဖြစ်တဲ့ 'သူဌေးဖေဖေရဲ့ ရင်းနှီး မြှုပ်နှံမှုလမ်းညွှန်'မှာ လူအများစုဟာ ဆင်းရဲရေးလမ်းစဉ်ကို ချမှတ်ခဲ့ကြ တယ်လို့ ရေးခဲ့ပါတယ်။

ဒါကြောင့်လည်း သူတို့ ပြောလိုက်ပြီဆိုရင်...

"ကျုပ် အငြိမ်းစားယူလိုက်တာနှင့် ဝင်ငွေ ကျဆင်းသွားမှာ ပေါ့"တဲ့။

ဒီစကားဟာ...

"ကျုပ်တစ်သက်လုံး သေကောင်ပေါင်းလဲ အလုပ်,လုပ်သွားဖို့ ကြံရွယ်ထားတာနှင့်အမျှ အလုပ်နားတဲ့နောက်လည်း ပိုပြီး ဆင်းရဲမွဲ တေရုံပါပဲ"ဆိုတဲ့ အဓိပ္ပာယ် ထွက်နေတာပဲ မဟုတ်လား။

'အသေအလဲလုပ်မှ'ဆိုတဲ့စကားဟာ စက်မှုလုပ်ငန်းခေတ်မှာ အသုံးတည့်ခဲ့မှာ ဖြစ်ပေမယ့်၊ သတင်းနှင့် နည်းပညာခေတ်မှာတော့ အလွန်ညံ့ဖျင်းတဲ့ အကြံအစည်လို့ ဆိုရတော့မှာပါပဲ။

ဩစတေးလျနှင့် ကနေဒါနိုင်ငံတွေမှာ သန်းပေါင်းများစွာသော အလုပ်သမားတွေကို အနားယူချိန်မှာ ကသီလင်တ ဒုက္ခမရောက်ရ အောင် သူတို့ကိုယ်တိုင်ကြိုတင် ငွေစုတဲ့စနစ်၊ အထူးထောက်ပံ့ကြေး ထုတ်ပေးတဲ့ စီမံကိန်းတွေ ချမှတ်ထားပါတယ်။

ဒါတွေကို 'သတင်းခေတ်ရဲ့ အငြိမ်းစားယူရေး စီမံကိန်း'လို့ ချမှတ်ထားပါတယ်။


mgyoe.com

mgyoe.com SAMPLE BOOK 

စက်မှုလုပ်ငန်းခေတ်တုန်းကတော့ ကုမ္ပဏီနှင့် အစိုးရဟာ အငြိမ်းစားယူသွားတဲ့ အလုပ်သမားတွေအတွက် ပင်စင်ပေးရတာတို့၊ အိုနာစာရံပုံငွေထုတ်ပေးတာတို့နှင့် တာဝန်ယူရပါတယ်။

ဘာပဲပြောပြော သတင်းခေတ် အငြိမ်းစားစီမံကိန်းမှာလည်း ချွတ်ယွင်းချက် မကင်းပါဘူး။ စီမံကိန်း အများစုဟာ စတော့ဈေးကွက်ပေါ်မှာ အစုဝင် မှီထားတာမို့ ဈေးကွက်အတက်အကျ အပြောင်းအလဲအရ စိတ်ချလောက်တဲ့အာမခံချက် မရှိတာ တွေ့ရပါတယ်။

အမေရိကန်မှာဆိုရင် အငြိမ်းစားစီမံကိန်းတွေ မရှိတာကြောင့် သေတဲ့အထိ အလုပ်နှင့် လက်နှင့် မပြတ်အောင်လုပ်ရမလို ဖြစ်နေပြီး အနာဂတ်ရေးဟာ စိတ်မအေးစရာ ကြုံနေရလေရဲ့။

ကျွန်တော်နှင့် ကင်တို့ ငယ်ငယ်ရွယ်ရွယ်နှင့် အငြိမ်းစားယူပြီး ချမ်းသာခဲ့ရတဲ့အကြောင်းရင်းက ကျွန်တော်တို့ဟာ ငွေအတွက် အလုပ်လုပ်ဖို့ထက် ပိုင်ဆိုင်မှုပစ္စည်းတွေရဖို့သာ ပိုမို အချိန်ပေး အားထုတ်ခဲ့ကြလို့ ဖြစ်ပါတယ်။

လွန်ခဲ့တဲ့ နှစ်ပေါင်းများစွာက သူဌေးဖေဖေ ကျွန်တော့်ကို သင်ပေးခဲ့တဲ့အထဲမှာ...

"သူဌေးဖြစ်ဖို့မှာ မှန်ကန်တဲ့ စိတ်ဓာတ်၊ မှန်ကန်တဲ့ စကားလုံး၊ မှန်ကန်တဲ့ စီမံကိန်း အကြံအစည်တွေနှင့် အစပျိုးတာပဲ။ ဒါတွေ မင်းမှာ ရှိပြီဆိုတာနှင့် လက်တွေ့ လုပ်ဖို့အဆင့်ဟာ လွယ်သွားပြီ"တဲ့။

ကဲ၊ ဒီတော့ ဒေးဗစ်ဟာ ဂိုးလိယက်ကို ဘာကြောင့် ရင်ဆိုင်ခဲ့ပါသလဲ။

သူဌေးဖေဖေရဲ့ အဖြေကတော့ ဒီလိုပါ။

mgyoe.com

mgyoe.com
SAMPLE BOOK

"ဒေးဗစ်အနေနှင့် ဂိုးလိယက်ကို တကယ် မတွေ့ခင်ကပဲ သူ့ကိုယ်ထဲက ဘီလူးကြီးနှင့် တွေ့ပြီးပြီလေ။ တို့ကိုယ်ထဲမှာ ဒေးဗစ်ရော၊ ဂိုးလိယက်ရော နှစ်ယောက်စလုံး ရှိနေကြတယ်။ ဘဝမှာ မအောင်မြင်တဲ့လူတွေဟာ ရင်ထဲက ဂိုးလိယက်ကို တွေ့လိုက်တာနှင့် ထွက်ပြေးခဲ့ကြတဲ့သူတွေပဲ ဖြစ်တယ်။ ဂိုးလိယက်သာမရှိရင် ဒေးဗစ်ဟာလည်း စွမ်းအားရှင် မဟာလူသားတစ်ယောက် ဘယ်တော့မှ ဖြစ်လာမှာ မဟုတ်ဘူး"

သူဌေးဖေဖေဟာ ကျွန်တော်နှင့် သူ့သားတော်မောင်ကို စီးပွားရေးဘီလူးကြီးတွေဖြစ်လာအောင် ဒီပုံပြင်ကို အမြင်သစ်နှင့် ခေါင်းထဲရိုက်သွင်းပြီး အလင်းဉာဏ် ပေးခဲ့ပါတယ်။

တစ်နည်းပြောရရင် ဘီလူးကြီးကို သတ်ပစ်မယ့်အစား ကိုယ်တိုင်ဘီလူးတွေဖြစ်အောင် လေ့ကျင့်သင်ကြားပေးခဲ့တယ် ဆိုပါတော့။

ဒီစာအုပ်ဟာ ငွေကြေးဒုက္ခက လွတ်မြောက်ရေးအကြောင်း ရေးထားတာပါ။ ကျွန်တော်တို့ ဇနီးမောင်နှံအနေနှင့် အဆောက်အဦးပိုင်ဆိုင်မှုတွေအရ အဲဒီလွတ်မြောက်မှုကို ခံစားခဲ့ရတာပါ။

ဒီပစ္စည်းတွေက ကျွန်တော်တို့ကိုယ်တိုင် အလုပ် လုပ်ဖို့ မလိုအောင် သူတို့ဘာသာ သူတို့ ကြိုးစားပမ်းစား လုပ်ပေးသွားတာဆိုလည်း မမှားပါဘူး။

ကျွန်တော်တို့ဟာ ငွေကြေးအနှောင်အဖွဲ့က လွတ်မြောက်မှုရပြီဆိုတာနှင့် တစ်ပြိုင်နက် ပစ္စည်းသုံးမျိုးကို ရသလောက်စုပြီး ပဒေသာပင်ကြီးစိုက်လိုက်ကြတာပါပဲ။ လုပ်ငန်းစုံ၊ စာချုပ်စာတမ်းမျိုးစုံနှင့် အိမ်တွေအားလုံး ဧရာမအိုးကြီးထဲ သွတ်ထည့်ထားလိုက်နိုင်တယ် ဆိုပါတော့။


mgyoe.com

mgyoe.com SAMPLE BOOK


ဒီပစ္စည်းတွေ စုဆောင်းနိုင်ဖို့ တွန်းကန်အား၊ စွမ်းအားတွေရှိသမျှ ပုံအောသုံးခဲ့ရင်းက ငယ်ငယ်ရွယ်ရွယ်နှင့် ချမ်းသာပြီး အငြိမ်းစားယူနိုင်ခဲ့ကြပါပြီ။ ပစ္စည်းအရင်းအမြစ်တွေက ကြီးထွားသီးပွင့်လာကြကာ အလုပ်လုပ်ရတာ နည်းသထက် နည်းလာပါတော့တယ်။

ဝင်ငွေတွေ အဆမတန်တိုးပြီး ကျွန်တော်တို့လို သူဌေးဖြစ်ချင်ရင် ဒီစာအုပ်ဟာ ခင်ဗျားအတွက်ပါ။

ဒီ စာအုပ်ထဲမှာ ငွေကျွန်ဘဝက လွတ်မြောက်စေမယ့်နည်းတွေ တစ်ပုံကြီးထည့်ထားပါတယ်။

ဒေးဗစ်ဟာ ဘီလူးတစ်ကောင်ဖြစ်လာအောင် တွန်းကန်အား စွမ်း အားမှန်သမျှ ထုတ်သုံးခဲ့ပါတယ်။ ဒီစာအုပ်ဟာ ခင်ဗျားကိုယ်ထဲက ဘီလူးကြီးကို ထုတ်ယူရမယ့် အကြောင်းပါပဲ။


mgyoe.com

mgyoe.com SAMPLE BOOK
mgyoe.com

mgyoe.com SAMPLE BOOK

# အပိုင်း-တစ်

mgyoe.com

mgyoe.com SAMPLE BOOK

## စိတ်ဓာတ်တွန်းကန်အားနှင့် အချိန်အဆ

တွန်းကန်အားရဲ့ အစွမ်းအထက်ဆုံးပုံစံကို ကျွန်တော်တို့ရဲ့ စိတ်တန်ခိုးစွမ်းအင်တွေထဲမှာ တွေ့နိုင်ပါတယ်။

တွန်းကန်အားရဲ့ပြဿနာကတော့ တွန်းကန်အားဆိုတာ ခင်ဗျားရဲ့ လိုလားတောင့်တမှုအရ အလုပ် လုပ်သွားတတ်ပြီး၊ မဟုတ်ရင်တော့ ဆန့်ကျင်ဘက် ဖြစ်သွားတတ်တာပါပဲ။

ခင်ဗျား ငယ်ငယ်ရွယ်ရွယ်နှင့် ချမ်းသာချင်တယ်ဆိုရင် ဦးနှောက်ရဲ့အစွမ်းသတ္တိကို အသုံးပြုရမှာပဲ ဖြစ်တယ်။

ဒါပေမယ့် များသောအားဖြင့် လူတွေဟာ ငွေနှင့်ပတ်သက်လာတဲ့အခါ သူတို့ရဲ့ ဦးနှောက်အစွမ်းတန်ခိုးကို သူတို့ကိုယ်သူတို့ ဆင်းရဲအောင်လုပ်ဖို့ပဲ အသုံးချ သွားကြလေရဲ့။

သူဌေးဖေဖေစကားကို ကောက်ရရင်...

"ချမ်းသာနှင့် ဆင်းရဲကြားက ကြီးမားတဲ့ကွာခြားမှုကတော့ လူဆင်းရဲတွေဟာ 'ငါ မတတ်နိုင်ဘူး'ဆိုတဲ့စကားကို လူချမ်းသာတွေထက် ပိုပြောလေ့ရှိတာပဲပေါ့။

"လူဆင်းရဲတွေဟာ ဆင်းရဲတဲ့စကားလုံးတွေပဲ သုံးတတ်သလို၊ ဆင်းရဲတဲ့စကားလုံးတွေက လူဆင်းရဲတွေ ဖြစ်စေတာပဲ"

ခု 'အပိုင်း–တစ်'မှာ ချမ်းသာတဲ့စကားလုံးတွေနှင့် ဆင်းရဲတဲ့စကားလုံးတွေ၊ ထက်မြက်ခိုင်မာတဲ့စကားလုံးတွေနှင့် တွန့်ဆုတ်ညံ့ဖျင်းတဲ့စကားလုံးတွေရဲ့ ခြားနားချက်ကို လေ့လာရမှာ ဖြစ်ပါတယ်။

ခင်ဗျားရဲ့ အနာဂတ်ဘဏ္ဍာရေးအခြေအနေ တိုးတက်ပြောင်းလဲစေရေးမှာ ခင်ဗျားသုံးတဲ့စကားလုံးတွေနှင့် တွေးပုံတွေးနည်းတွေကို ဘယ်လို ပြောင်းလဲပစ်ရမယ်ဆိုတာလည်း ပါတယ်။

ခင်ဗျားရဲ့ အတွေးအခေါ်တွေ၊ အယူအဆတွေ၊ စကားလုံးအသုံးအနှုန်းတွေကို ပြောင်းလဲပစ်နိုင်မယ်ဆိုရင် ငယ်ငယ်လေးနှင့် ချမ်းသာပြီး အေးအေးချမ်းချမ်း အနားယူဖို့ လွယ်ပါလိမ့်မယ်။


mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း ။ ၁ ။

ငယ်ငယ်ရွယ်ရွယ်နှင့် ချမ်းသာပြီးအငြိမ်းစားယူနိုင်မည့်နည်း

အောက်ပါအဖြစ်အပျက်ဟာ ကျွန်တော်ရယ်၊ ဇနီးသည် ကင်ရယ်၊ အချစ်ဆုံးမိတ်ဆွေ လယ်ရီရယ် ဘဝပျက်ခဲ့ရာက ဆယ်နှစ်အတွင်း ချမ်းသာရေးခရီးကို စ,ခဲ့တဲ့အကြောင်းပါပဲ။

ကျွန်တော်ဟာ ငယ်ငယ်လေးနှင့်ချမ်းသာပြီး အငြိမ်းစားယူရေးခရီးကို အစပျိုးရာမှာ ကိုယ့်ကိုယ့်ကိုယ် ယုံကြည်မှုလိုအပ်နေတဲ့လူ၊ မယုံမရဲ သံသယဝင်နေတဲ့လူ ဘယ်သူ့ကိုမဆို ဒီဇာတ်လမ်းကို ဖွင့်ပြောခဲ့ပါတယ်။

အဲဒီတုန်းက ကျွန်တော်နှင့်ကင်ဟာ လက်ထဲမှာ ငွေပြတ်လုနီးပါးနှင့် ယုံကြည်မှုတွေကျဆင်းပြီး သံသယတွေ ပြည့်နှက်နေတဲ့အချိန်ပါပဲ။



mgyoe.com

mgyoe.com
SAMPLE BOOK


၁၉၈၄ ခုနှစ် ဒီဇင်ဘာလအတွင်းမှာ ကင်၊ ကျွန်တော့်အချစ်ဆုံး မိတ်ဆွေ လယ်ရီကလစ်တို့နှင့်အတူ ကျွန်တော်ဟာ ဘရစ်တစ်ရှ် ကိုလံဘီယာပြည်နယ် ဗစ်စလာတောင်ပေါ်က ဗင်ကိုးဗားမှာ ရောက်နေကြပါတယ်။

နှင်းထု အဆမတန်တက်နေပြီး ရှည်လျားတဲ့ ပြေးလမ်းပေါ်မှာ အရမ်းအေးစိမ့်နေတဲ့ကြားကပဲ ကျွန်တော်တို့ စကိတ်စီးခဲ့ကြပါတယ်။

ညဥ့်ဘက်ကျတော့ ထင်းရှူးပင်တွေကြား အခန်းငယ်လေးထဲက မီးဖိုနားမှာ သုံးယောက်သား စကားဝိုင်းဖွဲ့ပြီး အနာဂတ်ရေး ဆွေးနွေးကြတော့တာပါပဲ။

ကျွန်တော်တို့မှာ မျှော်လင့်ရည်မှန်းချက် အလွန် မြင့်မားကြပေမယ့်၊ ငွေရင်းငွေနှီးက အင်မတန်ကို နည်းနေကြတယ်ဆိုပါတော့။

ကျွန်တော်နှင့် ကင် လက်ထဲမှာ ဒေါ်လာနည်းနည်းပဲ ကျန်တော့ သလို၊ လယ်ရီကလည်း လုပ်ငန်းသစ်တစ်ခုကို စတင်တည်ထောင်နေဆဲ အခါပေါ့။

ကျွန်တော်တို့ရဲ့ ဆွေးနွေးပွဲဟာ ညစဉ် သန်းခေါင် ကျော်လောက် အထိ ကြာမြင့်သွားတတ်ပါတယ်။

ကျွန်တော်တို့ဟာ နှစ်သစ်ရောက်တိုင်း လာမယ့်တစ်နှစ်လုံး အတွက် ရည်မှန်းချက်တွေ ချမှတ်ကြတာ နှစ်တိုင်းပါ။

ဒီနှစ်မှာတော့ လယ်ရီက တစ်နှစ်စာ ရည်မှန်းချက်ချရုံလေးနှင့် မရောင့်ရဲနိုင်သလို၊ ကျွန်တော်တို့ရဲ့ လက်ရှိအနေအထားက ရုန်းထွက်ပြီး တစ်ဘဝစာပြောင်းလဲသွားမယ့် ရည်မှန်းချက်ကို ချမှတ်ဖို့ အကြံပြု ပါတယ်။

"တို့ဟာ တို့အားလုံး ငွေကြေးသောက ကင်းဝေးစေမယ့် စီမံကိန်းတစ်ရပ်ကို ဘာကြောင့် မရေးဆွဲနိုင်ရမှာလဲ"တဲ့။


mgyoe.com

mgyoe.com SAMPLE BOOK 

"ငွေကြေးသောက ကင်းဝေးမှု။ ဟုတ်လား"

ကျွန်တော်က ဘိန်းစားသံလေးနှင့် ရေရွတ်လိုက်မိတယ်။

"ဒီအကြောင်း တို့ ပြောခဲ့ပေါင်း များပါပြီကွာ။ ဒါပေမယ့် ဒီတစ်ခါကတော့ အပြောတွေ၊ အိပ်မက်,မက် စိတ်ကူးယဉ်တာတွေရပ်ပြီး တကယ်အကောင်အထည် စဖော်ရတော့မယ်ကွ။ အဲဒီ စီမံကိန်းကို အခု ချရေးလိုက်စမ်း သူငယ်ချင်း။ ချရေးလိုက်တာနှင့် တို့ လုပ်ရတော့ မယ်ဆိုတာ နားလည်လာလိမ့်မယ်။ ချရေးလိုက်တာနှင့် ခရီးစဉ်မှာ တို့အချင်းချင်း ထောက်ကူပြီးသား ဖြစ်သွားလိမ့်မယ်"

အဲဒီအချိန်က ကျွန်တော်တို့လင်မယားဟာ နိုင်လွန်နှင့် ဖဲခရိ ပိုက်ဆံအိတ်လုပ်ငန်းတွေကို စွန့်လွှတ်ခဲ့တဲ့အချိန်ပါ။

၁၉၇၉ ခုနှစ်မှစပြီး လုပ်ငန်းက ယိုင်လဲခဲ့ပါတယ်။ နောက် ငါးနှစ်လုံးလုံး ပြန်မတ်ဖို့ ကြိုးစားခဲ့ပါသေးရဲ့။ အမေရိကန်မှာ မလည် ပတ်နိုင်တော့တဲ့ စက်ရုံတွေကို တည်၊ ထိုင်ဝမ်နှင့် ကိုရီးယားကို ပြောင်း ရွှေ့ဖွင့်လှစ်ခဲ့တာပါ။ ဒါပေမယ့် ကလေးအလုပ်သမားတွေရဲ့ ချွေးထဲက ရတဲ့ပိုက်ဆံကို မလိုချင်ခဲ့ပြန်ဘူးလေ။ ငွေ ရချက် မဆိုးပေမယ့် လိပ်ပြာ မသန့်ဘူး ဆိုပါတော့။ ဒီလိုနှင့် လုပ်ဖော်ကိုင်ဖက်တွေနှင့် လမ်းခွဲခဲ့ တာပါပဲ။

ကျွန်တော့်အဖို့ မဆိုစလောက်ငွေလေးကိုင်ပြီး ထွက်ခဲ့ပေမယ့် တန်ဖိုးမဖြတ်နိုင်တဲ့ လုပ်ငန်းဆိုင်ရာ ပညာရပ်တွေ၊ အတွေ့အကြုံတွေ တော့ ရှိပြီးသား။

"မင်းကြည့်ရတာ အတော် အားယုတ်နေပုံပါပဲ။ အားတင်းပြီး လုပ်လိုက်စမ်းပါကွာ။ တစ်နှစ်စာ ရည်မှန်းချက်ထားမယ့်အစား နှစ်ပေါင်း များစွာအတွက် ရောမ ရည်မှန်းချက်ကြီးအဖြစ် ပြောင်းပစ်လိုက်စမ်းပါ။ ဘ၀ လွတ်မြောက်ရေးအတွက် ကြိုးစားလိုက်စမ်းပါ"



mgyoe.com

mgyoe.com SAMPLE BOOK

"တို့မှာ ငွေ များများစားစား မရှိတော့ဘူးကွ။ ခုမှ တစ်က ပြန် စ,နေရတာ။ ရှင်းရှင်းပြောရရင် နောက် ခြောက်လ,တစ်နှစ် ရှင်သန်ရပ်တည်ဖို့တောင် မနည်းကြံနေရတဲ့အခြေအနေ။ အသက်တောင် အနိုင်နိုင် ရှူနေရတဲ့ဘဝက ငွေကြေးသောက ကင်းဝေးလွတ်မြောက် အောင်ဆိုတာ တွေးတောင် မတွေးရဲဘူး"

ကျွန်တော့်အသံ ကျွန်တော် ပြန်ကြားရင်း တုန်လှုပ်ချောက်ချား သွားရပြန်ပြီ။

ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုဆိုတာလည်း တကယ့်ကို နိမ့်ပါး နေတယ်။ စိတ်ပန်းလူနွမ်းနှင့် အားအင်တွေ ကုန်ခန်းနေတာပါပဲလား။

လယ်ရီကတော့ မလျှော့ပါဘူး။

"မင်းကွာ ဒီလောက်လည်း စိတ်လျှော့မပစ်လိုက်ပါနှင့်။ အား သစ်မာန်သစ်နှင့် ကြိုးစားကြည့်လိုက်ရင် ဘာလို့ မဖြစ်ရမှာတုံး"

"လောလောဆယ် ပိုက်ဆံတစ်ပြားမှမရှိဘဲနှင့် တို့ အစောကြီး ဘယ်လိုလုပ် အငြိမ်းစားယူလို့ ဖြစ်မှာလဲကွ"

"ငါက ဒီတစ်နှစ်အတွင်းမှာ ဖြစ်ရမယ်လို့ ပြောနေတာမှ မဟုတ်တာ။ စီမံကိန်းဆွဲဖို့သာ ပြောနေတဲ့ဥစ္စာ။ ရည်မှန်းချက်ကို အရင်ရေးချ။ ပြီးတော့ စီမံကိန်းချ။ မင်းအကြံကို ပီပြင်အောင် အားထုတ်ပေါ့။ လူများစုကတော့ အချိန်တွေသိပ်နှောင်းမှ အငြိမ်းစားယူဖို့ စဉ်းစားကြတာပဲ။ အဲ... သူတို့ အသက် ခြောက်ဆယ်ကျော် ခြောက် ဆယ့်ငါးနှစ်လောက်ကျမှ အငြိမ်းစားကြမယ်လို့ ကြံတတ်ကြတယ်။ ဒါကို ငါ မကြိုက်ဘူး။ အဲဒီထက်ကောင်းတဲ့ အကြံအစည်မျိုး လိုချင် တယ်။ အိုမင်းရွတ်တွကြီးနှင့် အကြွေးဆပ်ဖို့ ခါးချည့်အောင်လုပ်နေရဦး မယ့်ဘဝကို စက်ဆုပ်တယ်။ ငါ ရှင်သန်ချင်တယ်။ ချမ်းသာချင်တယ်။ ငယ်တုန်းရွယ်တုန်းမှာ ကမ္ဘာပတ်ပြီး အားရပါးရ ပျော်ချင်တယ်"


mgyoe.com

mgyoe.com SAMPLE BOOK 

ကျွန်တော် သူ့စကားကို နည်းနည်းစိတ်ဝင်စားလာမိပါတယ်။ ဒါပေမယ့် မဖြစ်နိုင်ဘူးပဲ ထင်ဆဲပါ။

လယ်ရီကတော့ ကျွန်တော်နှင့်ကင် နားထောင်ထောင်၊ မထောင်ထောင်ဆိုပြီး အားတက်သရော ဆက်ပြောနေခဲ့ပါတယ်။

ကျွန်တော်လည်း သူ့စကားတွေကို အရေးထားပြီး ကျိတ်တွေးနေခဲ့မိပါလေရော။

'စောစောစီးစီး အငြိမ်းစားယူရမယ်ဆိုတာ တကယ်နိုပ်တာပဲ။ ဒါကို ဘာလို့များ ငါက ခံငြင်းနေရမှာလဲ။ အကြံကောင်းတစ်ခုကို ငြင်းဆန်ခုခံတယ်ဆိုတာ ငါ့ပုံစံမှ မဟုတ်တာ'

ကျွန်တော့်အာရုံထဲမှာ သူဌေးဖေဖေရဲ့ အသံတွေ ဖြုန်းခနဲ ပဲ့တင်ထပ်လာပါတယ်။

"မင်း ရင်ဆိုင်ရမယ့် အကြီးဆုံးစိန်ခေါ်မှုဟာ ကိုယ့်ကိုယ်ကိုယ် သံသယဝင်မှုနှင့် ပျင်းရိမှုတွေပဲကွ။ အဲဒီ သံသယစိတ်နှင့် ပျင်းရိမှုတွေက မင်း ဘယ်သူလဲဆိုတာကို သတ်မှတ် ကန့်သတ်ပေးလိမ့်မယ်။ မင်းကို သေးသေးနုပ်နုပ်လေးဖြစ်အောင်လည်း လုပ်ထားနိုင်တယ်။ မင်းလိုချင်တဲ့ ဘဝကို မရအောင်လည်း ဟန့်တားတတ်တယ်။ မင်းဘဝ တစ်ဆစ်ချိုး ပြောင်းလဲချင်တယ်ဆိုရင် ကိုယ့်ကိုယ်ကိုယ် သံသယဖြစ်မှု၊ ပျင်းရိမှုတွေကို ဖယ်ရှင်းပစ်ဖို့ လိုတယ်။

"မင်းလျှောက်တဲ့လမ်းခရီးမှာ မင်းကိုယ်မင်း ထားတဲ့ သံသယစိတ်တွေကလွဲလို့ ဘယ်သူမှ မနှောင့်ယှက်နိုင်ဘူး။ ဒီသံသယနှင့် ပျင်းရိမှုတွေကို ကျော်လွှားနိုင်ရင် လွတ်မြောက်မှုတံခါးကို မင်း ရှာတွေ့မှာပဲ"

ဒီစကားကို ကျွန်တော် ဟာဝိုင်ယီက ခုလို ခရီး ထွက်မလာခင်ကတည်းက သူဌေးဖေဖေ ပြောခဲ့တာပါ။



mgyoe.com

mgyoe.com SAMPLE BOOK

လယ်ရီရဲ့ တိုက်တွန်းချက်နှင့် သူ့ဒွေးဖေဖေရဲ့ စကားဟာ သဘောချင်း သိပ်မကွာလှပါဘူး။

လယ်ရီပြောတဲ့ လွတ်မြောက်မှုဆိုတာ ကျွန်တော့်အပေါ်ပဲ မူတည်နေပါတယ်။ ကျွန်တော့်ရဲ့သံသယစိတ်နှင့် ပျင်းရိမှုကို ကျော်လွှားနိုင်ဖို့ အရေးကြီးဆုံးဖြစ်ပြီး၊ ဒါမှသာ လွတ်မြောက်မှုကို ရမှာပါ။ မဟုတ်လို့ကတော့ ကျွန်တော့်ဘဝဟာ နောက်ပြန်ဆုတ်သွားရပါလိမ့်မယ်။

ကဲ၊ ရှေ့တိုးမလား၊ နောက်ဆုတ်မလား။

ကျွန်တော် လယ်ရီကို အဖြေပေးလိုက်ပါတယ်။

"အိုကေ၊ လုပ်ကြည့်ကြစို့။ ငွေကြေးလွတ်မြောက်ရေးကို ရည်မှန်းချက်ပန်းတိုင်ထားပြီး အလုပ် စ,ကြရအောင်"

အဲဒီနေ့က ၁၉၈၅ ခုနှစ် နှစ်သစ်ရဲ့ပထမဆုံးနေ့ ဖြစ်ပါတယ်။

၁၉၉၄ ခုနှစ်မှာတော့ ကျွန်တော်နှင့် ကင် တကယ်ပဲ လွတ်မြောက်ခဲ့ကြပါပြီ။

လယ်ရီကိုယ်တိုင်လည်း ၁၉၉၆ ခုနှစ်ရဲ့ ဖွံ့ဖြိုးတိုးတက်မှု အမြန်ဆုံး ကုမ္ပဏီလုပ်ငန်းစုကြီးကို တည်ထောင်နိုင်ခဲ့ပါတယ်။ နောက် ၁၉၉၈ ခုနှစ် သူ့အသက် လေးဆယ့်ခြောက်နှစ်မှာ ကုမ္ပဏီကိုရောင်းချပြီး၊ တစ်နှစ်လုံးလုံး ကမ္ဘာလှည့်ခဲ့ရာက လုံးဝ အငြိမ်းစားယူလိုက် တော့တာပါပဲ။

## ကဲ၊ ဘယ်လို လုပ်မလဲ

ဒီဇာတ်လမ်းကိုပြောတိုင်း ကျွန်တော် ထုတ်နေ ကျမေးခွန်းကတော့ "ဘယ်လိုလဲ၊ အဲသလိုဖြစ်အောင် ဘယ်လို လုပ်ခဲ့ကြသလဲ" ဆိုတာပါ။


mgyoe.com

mgyoe.com SAMPLE BOOK 



နောက်တစ်ဆက်တည်းမှာ ကျွန်တော် ပြောပါတယ်။

"ဒါဟာ 'ဘယ်လို'ဆိုတဲ့ကိစ္စ မဟုတ်ပါဘူး။ 'ဘာကြောင့်' ကျွန်တော်နှင့် ကင် လုပ်ခဲ့ကြသလဲဆိုတဲ့အကြောင်းသာ ဖြစ်တယ်"လို့။

ပြီးတော့လည်း...

"'ဘာကြောင့်'ဆိုတာ မပါဘဲ၊ 'ဘယ်လို'ဆိုတဲ့ ကိစ္စ ဖြစ်မလာနိုင်ဘူး"

ကျွန်တော်၊ ကင်၊ လယ်ရီတို့ အောင်မြင်မှုပန်းတိုင်ရောက်အောင် ဘယ်လို လုပ်ခဲ့ကြတယ်ဆိုတာ ပြောနိုင်ပါတယ်။ ဒါပေမယ့် သိပ်အရေးတကြီး ပြောမှာ မဟုတ်ပါဘူး။

'ဘယ်လို လုပ်ခဲ့ကြသလဲ'မေးရင် ကျွန်တော်တို့ သုံးဦးစလုံး သူဌေးဖေဖေရဲ့ အလျှံပယ်ကြွယ်ဝရေးနည်း လမ်းသုံးသွယ်ကို ၁၉၈၅ ခုနှစ်မှ ၁၉၉၄ ခုနှစ်အတွင်းမှာ တစိုက်မတ်မတ် လိုက်နာကျင့်သောင်ခဲ့ကြတာပဲလို့ ဖြေရုံနှင့် လုံလောက်ပါလိမ့်မယ်။


mgyoe.com

mgyoe.com
SAMPLE BOOK

အဲဒီနည်းလမ်း သုံးသွယ်ကတော့…
၁။ လုပ်ငန်းကျွမ်းကျင်မှုများခြင်း၊
၂။ ငွေကြေးစီမံခန့်ခွဲရေးဆိုင်ရာ ကျွမ်းကျင်မှုများခြင်း၊
၃။ ငွေကြေးရင်းနှီးမြှုပ်နှံရေး ကျွမ်းကျင်မှုများခြင်း

ဒီ နည်းလမ်းသုံးသွယ်အကြောင်း ရေးထားတဲ့စာအုပ်တွေကတော့ တစ်ပုံကြီးပါပဲ။ ကျွန်တော် ရေးပြနေရင် **ဘယ်လို** ဆိုတဲ့ စာအုပ်မျိုး နောက်တစ်အုပ် ဖြစ်သွားရုံပဲ ရှိမယ်။

ကျွန်တော့်အနေနှင့် **ဘယ်လို** ဆိုတာထက်၊ **ဘာကြောင့်**က ပို အရေးကြီးပါတယ်။ **ဘာကြောင့်** ဆိုတာက ကျွန်တော့်ရဲ့ ကိုယ့်ကိုယ်ကိုယ် မယုံမရဲ သံသယဖြစ်မှုတွေ၊ ပျင်းရိမှုတွေနှင့် အတိတ်ဘဝကို စိန်ခေါ်ပေးခဲ့လို့ပါပဲ။

အဲဒီ **ဘာကြောင့်**က **ဘယ်လို** လုပ်ရမယ်ဆိုတဲ့ စွမ်းအားကို ကျွန်တော်တို့ကို ပေးခဲ့တယ်ဆိုလည်း မှန်ပါတယ်။

သူဌေးဖေဖေ ပြောလေ့ရှိပါတယ်။

"လူတွေ ငါ့ကို တစ်ခုခုနှင့်ပတ်သက်ပြီး 'ဘယ်လို လုပ်ရမလဲ' မေးတတ်ကြတယ်။ ငါက ကိစ္စအတော်များများမှာ လုပ်ပြီးမှ ဘယ်လို - လုပ်ခဲ့တယ်ဆိုတာ ပြန်စဉ်းစားမိတဲ့အကြောင်း၊ တကယ်တမ်းကျတော့လည်း ဘယ်လို လုပ်ရမယ်ဆိုတာထက် 'ဘာကြောင့် လုပ်ခဲ့ရတယ်' ဆိုတာက ပိုပြီး အဓိကကျ အရေးကြီးတဲ့အကြောင်း ပြန်ပြောမိတယ်။ 'ဘယ်လို လုပ်ရမယ်'ဆိုတဲ့ စွမ်းအားပေးတာက 'ဘာကြောင့် လုပ်ခဲ့ရတယ်'ဆိုတာပဲ ဖြစ်တယ်။


mgyoe.com

mgyoe.com SAMPLE BOOK


"လူများစု လုပ်နိုင်လျက်သားနှင့် မလုပ်ခဲ့ကြတာဟာ အားကောင်းပြီးခိုင်လုံတဲ့ ဘာကြောင့်ဆိုတဲ့ အကြောင်းပြချက် မရှိကြလို့ပဲပေါ့။ ဘာကြောင့်ဆိုတဲ့ အချက်ကို တွေ့လိုက်တာနှင့် ချမ်းသာဖို့ ဘယ်လိုလုပ်ရမယ်ဆိုတာ တွေ့ဖို့ လွယ်သွားပြီ။ သူတို့ကိုယ်သူတို့ ကြည့်ပြီး 'ငါ ဘာကြောင့် ချမ်းသာချင်ရသလဲ' ဆိုတာ အဖြေရှာရမယ့်အစား၊ ချမ်းသာဖို့ အလွယ်လမ်းလိုက်ကြတယ်လေ။ ဒီတော့ အလွယ်လမ်းတို့ရဲ့ ထုံးစံအတိုင်း ချောင်ပိတ်မိကုန်ကြတယ် ဆိုပါတော့။

တစ်ယောက်တည်း ကျိတ်ပြီး ငြင်းခုံမှု

လယ်ရီနှင့် ဆွေးနွေးပွဲညက ကျွန်တော်နှင့် ကျွန်တော့်စိတ် နှစ်ပိုင်းကွဲပြီး ငြင်းခုံမှုတွေ ကျိတ်ဖြစ်ခဲ့တာ မမေ့သေးပါဘူး။

အဲဒီတုန်းက ကိုယ့်ကိုယ်ကိုယ် ပြန်ငြင်းမိခဲ့ရာမှာ–

၁။ ဒါပေမယ့် တို့မှာမှ ငွေမှမရှိဘဲ။

၂။ ငါ လုပ်နိုင်မှာ မဟုတ်ပါဘူး။

၃။ ဒီကိစ္စကို နောက်နှစ်ကျမှ။ ဒါမှမဟုတ် ကင်နှင့် ငါ အခြေကျပြီးမှ စဉ်းစားမယ်။

၄။ တို့အခြေအနေကို သူမှ မသိတာ။

၅။ ငါ ပို အချိန်ယူရဦးမယ်။

သူဌေးဖေဖေ ကျွန်တော့်ကို နှစ်ပေါင်းများစွာ ဆိုဆုံးမခဲ့တဲ့ စကားတွေထဲမှာ "မင်းကိုယ်မင်း ငြင်းနေတာဟာ အကြဲကောင်း


mgyoe.com

mgyoe.com SAMPLE BOOK

တစ်ခုကိုငြင်းနေပါလားလို့ သိလိုက်မယ်ဆိုရင် ငြင်းနေတာကို ရပ်လိုက်ချင်မှာပဲ”တဲ့။

“သူတို့လိုလားတပ်မက်တာကို ဆန့်ကျင်ပြီး ‘လုပ်နိုင်မှာ မဟုတ်ပါဘူး။ ဖြစ်မယ် မထင်ပါဘူး’လို့ ပြောမိကြတာဟာ ရောမပြဿနာကြီးပဲ။ သူတို့ ဘာကြောင့် အဲသလို ငြင်းခဲ့ကြတာလဲ။ ဒါဟာ ကြောင်းကျိုးညီညွတ်မှု မရှိသလို ဆင်ခြင်ဉာဏ်ကင်းမဲ့ရာ ရောက်သွားတယ်”

အဲဒီတစ်ချိန်က ကျွန်တော်ကိုယ်တိုင်ဟာလည်း အကြံတုံးဉာဏ်တုံးနေသလို ကိုယ်ဖြစ်ချင်တာကို ဖွတ်မိုတ်ငြင်းဖို့ ကြိုးစားခဲ့တာကလား။ တဖြည်းဖြည်း ပြန်စဉ်းစားလိုက်တဲ့အဆုံး မေးခွန်းတွေ ထပ်ထွက်လာတယ်။

‘ဘာကြောင့် ငယ်ရွယ်ချိန်မှာ ချမ်းချမ်းသာသာနှင့် အနားမယူနိုင်ရမှာလဲ’

‘ဘာကြောင့် ဒီအကြံအစည်ကို ဆန့်ကျင်ပြီး ငြင်းနေရတာလဲ’

‘ဘာကြောင့် ငါ့ကိုယ်ငါ ဆန့်ကျင်ပြီး ငြင်းနေရပါလိမ့်’

‘ဒါ တကယ့် အကြံကောင်းတစ်ခုပဲ။ နှစ်နှင့်ချီပြီး တို့တွေ ပြောခဲ့ကြတာပဲ’

အမှန်စင်စစ် ကျွန်တော်ဟာ ၃၅ နှစ်မှာ နားဖို့ စိတ်ကူးထားတာပဲ။ ခုတော့ နှစ်နှစ်စွန်းလို့ ၃၇ နှစ်တောင် ရောက်နေပြီ။ ရည်မှန်းချက်နှင့် အဝေးကြီး။ ဒီ့အပြင် ဘဝတောင် ပျက်လုနီးပါး။ ဒါနှင့်တောင် ငါ ဘာကြောင့်များ ငြင်းနေမိတာလဲ။.

အသက် အစိတ်လောက်ကတည်းက ၃၅ နှစ်မှာ အငြိမ်းစားယူနိုင်အောင် ချမ်းသာနေရမယ်ဆိုတာ ကျွန်တော့်အိပ်မက်ပါ။ ဒါပေမယ့် ဗဲခရိုပိုက်ဆံအိတ်လုပ်ငန်း ပထမဆုံး ပျက်ပြားသွားတဲ့နောက်ပိုင်း စိတ်ဓာတ်ကျပြီး ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုလည်း ဆုံးပါးသွားခဲ့တာပဲလေ။


mgyoe.com

mgyoe.com SAMPLE BOOK



သေသေချာချာ ပြန်တွေးလိုက်တော့ အဲသလို ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုနည်းပါးသွားတဲ့စိတ်က လိုက်ပြီး ငြင်းနေတာပါလားလို့ သိလိုက်တယ်။ ကိုယ် အားထားမျှော်လင့်ခဲ့တဲ့ အိပ်မက်ကို ကိုယ် ပြန်ငြင်းနေတာပဲဆိုတာ ပေါ်လာတယ်။

ဒီလို ဘာကြောင့် ငြင်းရသလဲဆိုပြန်တော့ ထပ်ပြီး ဆုံးရှုံးမှာ၊ စိတ်သောကကြုံရမှာကို ကြောက်လို့ဆိုတဲ့အဖြေ ထပ်ထွက်လာတယ်။ ဒါဟာ ကိုယ့်ရည်မှန်းချက်ကို ငြင်းတာမှမဟုတ်ဘဲ။

ဒါနှင့်ပဲ ကျွန်တော်ဟာ အကြံကောင်းကို ဆက်ငြင်းဖို့ မကြိုးစားတော့ဘဲ လယ်ရီ့ကို သဘောတူလက်ခံကြောင်း ပြောမိတော့တာပေါ့။

လယ်ရီကလည်း...

"ကောင်းလိုက်တာကွာ။ ငါက မင်း အကြောက်လွန်ပြီး တုံးသွားမှာ စိုးရိမ်နေတာ။ တော်ပါသေးရဲ့"

ခုလို ဆုံးဖြတ်လိုက်နိုင်တာဟာ ကျွန်တော်ရဲ့ 'ဘာကြောင့်'ကို အဖြေတွေ့ခဲ့လို့ပဲ ဖြစ်ပါတယ်။

အဲဒီအချိန်က ဘယ်လို စလို့၊ ဘယ်လို လုပ်ရမှန်းမသိသေးခင် 'ဘာကြောင့် လုပ်ရမယ်'ဆိုတာ အရင် တွေ့ခဲ့ သိခဲ့တာပဲ မဟုတ်ပါလား။

ကျွန်တော် ဘာကြောင့် စောစီးစွာ အငြိမ်းစားယူဖို့ ဆုံးဖြတ်ခဲ့ရပါသလဲ

"ငါ နေမကောင်းဘူး။ ငါ ပင်ပန်းလှပြီ"လို့ ခင်ဗျားကိုယ်ခင်ဗျား ပြောခဲ့တဲ့အကြိမ်တွေ ဘယ်လောက်တောင် များခဲ့ပြီလဲ။



mgyoe.com

mgyoe.com SAMPLE BOOK

အဲဒီ နှစ်သစ်ကူးတဲ့နေ့ကလည်း ကျွန်တော်ဟာ လယ်ရီနှင့်ကင်တို့နှင့်အတူ မီးဖိုဘေးမှာထိုင်ရင်း ခြေကုန်လက်ပန်းကျလို့ ဖျားချင်သလိုလိုဖြစ်နေရာက အပြောင်းအလဲလုပ်ဖို့ ဆုံးဖြတ်မိခဲ့တာပါပဲ။

ဒါဟာ စိတ်ပိုင်းဆိုင်ရာ အပေါ်ယံပြောင်းလဲမှုလေးသာ မဟုတ်ပါဘူး။ ကျွန်တော့်ရဲ့ နက်ရှိုင်းတဲ့ အတွင်းစိတ်က ပြောင်းလဲမှုပါ။ အကြီးအကျယ် ပြောင်းလဲမှုလုပ်ဖို့ အချိန်တန်နေလို့လည်း ဖြစ်ပါတယ်။

'ဘာကြောင့် ပြောင်းလဲချင်ရသလဲ'လို့ အဖြေ ထုတ်ခဲ့မိရာက 'ပြောင်းလဲနိုင်သားပဲ'လို့ နားလည်ခဲ့ပါတယ်။

အောက်ပါအချက်တွေဟာ ကျွန်တော့်ရဲ့ ကိုယ်ရေးကိုယ်တာဆိုင်ရာ 'ဘာကြောင့်'ဆိုတာတွေပဲ ဖြစ်ပါတယ်။

ဘာ့ကြောင့် ကျွန်တော် ငယ်ငယ်ရွယ်ရွယ်နှင့် အငြိမ်းစားယူပြီး ချမ်းသာအောင်လုပ်ဖို့ ဆုံးဖြတ်ခဲ့ရသလဲဆိုရင်–

၁။ ကျွန်တော့်အနေနှင့် ဆုံးရှုံးပျက်စီးမှုတွေ၊ ငွေအတွက် အချိန်ပြည့် ရုန်းကန်ရှာဖွေနေရတာတွေကို ငြီးငွေ့လို့ပါပဲ။ ကျွန်တော်ဟာ ပိုက်ဆံအိတ်လုပ်ငန်းနှင့် အချိန်တို သူဌေးပေါက်စလေးတော့ ခဏ ဖြစ်ခဲ့ပါရဲ့။ လုပ်ငန်း ပျက်သွားတဲ့နောက်တော့ အရင်လိုပဲ ပြန်ရုန်းခဲ့ရတာကလား။ သူဌေးဖေဖေရဲ့ သွန်သင်ဆုံးမမှုတွေအောက်မှာ သင်ခန်းစာပေါင်းစုံ လက်စွဲထားဆဲလည်း ဖြစ်ပါတယ်။ ကျွန်တော် မချမ်းသာသေးပေမယ့် ချမ်းသာချိန်တန်ပြီလို့ ထင်ပါတယ်။

၂။ ကျွန်တော်ဟာ အညတရ လူသာမန်ဘဝကို စိတ်ကုန်နေပါပြီ။ ကျောင်းနေတုန်းက ဆရာတွေက ပြောတယ်။ "ရောဘတ်ဟာ ဉာဏ်ကောင်းပေမယ့် သူ့ကိုယ်သူ အသုံးမချတတ်ဘူး"တဲ့။ နောက်ပြီး "သူဟာ စာတော်ပေမယ့် ပါရမီရှင်တွေလောက်တော့ မဟာန်သေးဘူး။ သူဟာ သာမန်ထက် သာရုံပါပဲ"တဲ့။


mgyoe.com

.mgyoe.com SAMPLE BOOK

လယ်ရှိနှင့် ဆွေးနွေးခဲ့တဲ့ တောင်ပေါ်ညက ကျွန်တော်ဟာ သာမန်လူဖြစ်ရတာကို စိတ်ပျက်ခဲ့ရပါတယ်။ သာမန်ဘဝကို တစ်ခန်းရပ်ပြီးဖောက်ထွက်ဖို့ လှုစွမ်းပြဖို့ ကျွန်တော့်အတွက် အချိန်တန်ပြီလေ။

၃။ ကျွန်တော် ရှစ်နှစ်သားအရွယ် ကျောင်းမှ အိမ်ပြန်လာတိုင်း မီးဖိုချောင်ထဲမှာ အမေ ထိုင်ငိုနေတာ တွေ့ရတတ်တယ်။ ပြဿနာက အကြွေးတွေ ပတ်လည်ဝိုင်းနေလို့ပါပဲ။ ကျောင်းဆရာအဖေ ဝင်ငွေက ဘယ်လောက်ပဲလုပ်လုပ် ပြေလည်အောင် မဖြေရှင်းနိုင်ပါဘူး။ ကြွေးလည်ပင်းခိုက်တဲ့ကြားမှာ အမေ့ခမျာ အားကိုးရာမဲ့ တစ်ယောက်တည်း မရှုနိုင်မကယ်နိုင် ဖြစ်ခဲ့ရှာပါတယ်။ အဖေက ငွေ အကြောင်းပြောတာ မကြိုက်သလို၊ ပြောရင်လည်း စိတ်ဆိုးဒေါသဖြစ်နေကျ။

အဲဒီ ရှစ်နှစ်သားအရွယ်ကျွန်တော်က အမေ့ကို ဘယ်လိုကူညီရမလဲလို့ အဖြေရှာခဲ့ဖူးတာ ပြန်သတိရတယ်။ တောင်ပေါ်ညကလည်း အလားတူ အဖြေရှာစဉ်းစားပြီး အကောင်အထည်ဖော်ရမယ့်အချိန်လို့ နားလည်ခဲ့တယ်။

၄။ စိတ်အထိခိုက်ဆုံး 'ဘာကြောင့်'ဆိုတဲ့ ဝေဒနာကတော့ လက်ရှိဘဝမှာ ကင်ဆိုတဲ့ အလှဆုံးမိန်းမချောလေးကို ဇနီးအဖြစ် ရထားလို့ပါပဲ။ ကင်ဟာ ကျွန်တော့်ကိုချစ်တဲ့အတွက် အေးအတူပူအမျှ နှစ်ကိုယ့်တစ်စိတ် လက်တွဲဖော်အဖြစ် နေလာခဲ့သူပါ။ တောင်ပေါ်ညက အတွေးတွေထဲမှာ အမေ့ကို အဖေ နှစ်သိမ့်အားပေးခဲ့ သလိုပဲ။ ကင့်ကိုလည်း ကျွန်တော် အားပေးနှစ်သိမ့်ရမယ်လို့ သဘောပေါက်ခဲ့တယ်။ ဒီ နှစ်သိမ့်မှုဟာ လက်တွေ့ကျရမယ်လို့ တွက်ခဲ့တာနှင့်အမျှ မိသားစုဘဝ လှပစွာတည် ဆောက်ရေးအစီအမံ


mgyoe.com

mgyoe.com SAMPLE BOOK

တွေကို ပြန်အမှတ်ရလာပါတယ်။ အဲဒီအချိန်မှာ ကျွန်တော်ဟာ ဘာကြောင့်ကို အစစ်အမှန်တွေ့ရှိခဲ့ရတယ် ဆိုရမှာပါပဲ။

ဒါတွေဟာ ကျွန်တော့် တွေ့ခဲ့တဲ့ ကျွန်တော့်ရဲ့ 'ဘာကြောင့်' တွေပဲ ဖြစ်ပါတယ်။

အဲဒီညက ကျွန်တော်ဟာ ဒီအချက်တွေကို စာနှင့်ရေးချပြီး လျှို့ဝှက်စွာ သိမ်းဆည်းခဲ့ပါတယ်။

အဲဒီနောက် တောင်ပေါ်ကပြန်လာလာချင်း ကျွန်တော်တို့ လင်မယား ကြုံတွေ့ခဲ့ရတဲ့ အဆိုးဆုံးအခြေအနေတွေကို သူဌေးဖေဖေရဲ့ ငွေဝင်လမ်းစာအုပ်မှာ တင်ပြခဲ့ပြီးပါပြီ။

အဲဒီစာအုပ်မှာ ကျွန်တော်နှင့်ကင်ဟာ ပိုက်ဆံ ပြတ်သွားလို့ ကားပေါ်မှာ သုံးပတ်လုံးလုံးနေခဲ့ရတဲ့အဖြစ်က စတင်ခဲ့ပါတယ်။

ဒီလိုနှင့် ကျွန်တော်တို့ဟာ အငြိမ်းစား ချမ်းသာဖို့လမ်းစဉ် ချမှတ်ပြီးဖြစ်နေတဲ့အတွက် ဒီအကြောင်း စာမဖွဲ့လောက်တော့ပါဘူး။ ဒါပေမယ့် အဲဒီအခြေအနေက ကျွန်တော်တို့ဟာ ယုံကြည်ချက်အတွက် ဆက်လက်ချီတက်ဖို့ ခံနိုင်ရည် အပြည့်အဝ ရှိခဲ့ကြပါတယ်။ ဒါဟာ လည်း 'ဘာကြောင့်'အတွက် ခိုင်မာတဲ့အကြောင်းပြချက်၊ တွန်းကန်အား ပြချက် ဖြစ်ပါလိမ့်မယ်။

လယ်ရီအတွက်လည်း တောင်ပေါ်က ပြန်လာပြီး အသည်းအသန်အခြေအနေနှင့် ရင်ဆိုင်ခဲ့ရပါတယ်။ ငွေကြေးအရ နောက်လန်ကျသွားလောက်အောင်လည်း အခက်ကြုံရပါတယ်။ ဘာပဲပြောပြော၊ သူ့ရဲ့ 'ဘာကြောင့်' တွေက သူ့ကို တောင့်ခံနိုင်စေခဲ့ပြီး အောင်မြင်မှုပန်းတိုင်ကို ဆွတ်ခူးစေခဲ့ပါတယ်။


mgyoe.com

mgyoe.com SAMPLE BOOK



ကျွန်တော်ဟာ သူဌေးဖေဖေရဲ့ ပို့ချချက်တွေအရပဲ လူတစ်ယောက် ဘယ်လို ချမ်းသာမလဲဆိုတာ ဘယ်သူ့ကိုမှ မပြောနိုင်ခဲ့ပါဘူး။ ပြင်းပြခိုင်မာတဲ့ 'ဘာကြောင့်'ဆိုတာ မရှိဘဲနှင့် ဘယ်လိုချမ်းသာအောင် လုပ်နိုင်မလဲဆိုတာ ပြောဖို့ အရမ်းခက်ပါလိမ့်မယ်။ ချမ်း သာရေးနည်းလမ်းတွေ အများကြီး ရှိပါတယ်။ ဒါပေမယ့် ဘာကြောင့် ချမ်းသာချင်တာလဲဆိုတာကို တစ်ယောက်ချင်း အကြောင်းပြ ဖြေကြားနိုင်မယ့်လူတွေကတော့ နည်းပါလိမ့်မယ်။ 'ဘာကြောင့်'ဆိုတာ အဖြေထုတ်ပြီး 'ဘယ်လိုလုပ်မလဲ'ဆိုတာ ခင်ဗျား တွေ့ရမှာပါ။ လိုလျှင်ကြံဆနည်းလမ်းရဆိုတဲ့ ရှေးစကားပုံ ရှိခဲ့တာလည်း သတိပြုစရာပါပဲ။ ကျွန်တော့်အတွက်တော့ လိုအင်ဆန္ဒကို အရင်ရှာပြီးမှ နည်းလမ်းကိုတွေ့မယ်လို့ ယုံကြည်ပါတယ်။

လွန်ခဲ့တဲ့ နှစ်အတန်ကြာကပဲ ကျွန်တော် သင်ယူလေ့လာထားဖူးတာကတော့ 'ပြင်းပြတဲ့ဆန္ဒဆိုတာ ချစ်ခြင်း၊ မုန်းခြင်းတွေမှာ အခြေခံတယ်'လို့ပါပဲ။

'တစ်စုံတစ်ခုနှင့်ပတ်သက်လို့ ပြင်းပြတဲ့ဆန္ဒမရှိဘဲနှင့် ဘာကိုမှ ရစရာမရှိပါဘူး'တဲ့။

သူဌေးဖေဖေကလည်း–

"မင်း တစ်ခုခုကိုလိုချင်ရင် ဆန္ဒပြင်းပြမှု ရှိရမယ်။ ပြင်းပြတဲ့ဆန္ဒဟာ မင်းဘဝကို စွမ်းအားတွေ ပေးလိမ့်မယ်။ မင်းမှာမရှိတဲ့ အရာတစ်ခုကို လိုချင်တယ်ဆိုရင် အဲဒါကို မင်း ဘာကြောင့် 'ချစ်တယ်' ဆိုတာနှင့် မင်း မလိုချင်တဲ့အရာတွေကို ဘာကြောင့် 'မုန်းတယ်' ဆိုတာတွေကို ဖော်ထုတ် အဖြေရှာရမယ်လို့ ဆိုခဲ့တယ်။ ဒီ အဖြေနှစ်ခုညှိလိုက်ခြင်းအားဖြင့် မင်းလိုချင်တာ မှန်သမျှ အရယူနိုင်တဲ့ တန်ခိုးစွမ်းအားကို ရှာတွေ့နိုင်လိမ့်မယ်"တဲ့။



mgyoe.com

mgyoe.com SAMPLE BOOK

ဒီတော့ အချစ်နှင့် အမုန်းကို နှိုင်းယှဉ်ချက် စာရင်းဇယားလေး ချကြည့်လိုက်စမ်းပါ။ နမူနာအနေနှင့် အောက်က စာရင်းလေးကို လုပ်ပေးလိုက်ပါတယ်။

ချစ်ခြင်း
ချမ်းသာကြွယ်ဝတဲ့ဘဝ
လွတ်မြောက်တဲ့အဖြစ်
လိုချင်တာမှန်သမျှ ဝယ်နိုင်ခြင်း
အဖိုးတန်ပစ္စည်းတွေ
ကိုယ်မလုပ်ချင်တာတွေ တခြားလူတွေကို လုပ်ခိုင်းတာ

မုန်းခြင်း
ဆင်းရဲမွဲတေတဲ့ဘဝ
အလုပ်တွေ ဖိလုပ်နေရတာ
လိုချင်တာ မရမှု
အပေါစားပစ္စည်းတွေ
ကိုယ်မလုပ်ချင်တာ လုပ်ရတာ

ကိုယ်ပိုင် အချစ်, အမုန်း နှိုင်းယှဉ်ချက်ဇယားတစ်ခုကို ဆွဲကြည့်ပါ။ လိုအပ်မယ်ထင်ရင် စာရွက်ကြီးကြီးကို သုံးပေါ့။ ပြင်းသထက် ပြင်းပြတဲ့ ဆန္ဒတွေနှင့် ဘဝကို နေသွားနိုင်တာ တွေ့ရပါလိမ့်မယ်။

ပထမ အနေနှင့်ကတော့ ခင်ဗျားရဲ့ အချစ်အမုန်းတွေကို အနက် ဖွင့်ပြီး ဖော်ထုတ်ပါ။ ဒီနောက် 'ဘာ့ကြောင့်'ဆိုတာတွေ ထပ်ဆင့်


mgyoe.com

mgyoe.com SAMPLE BOOK 



ရေးချပါ။ ပြီးတော့ ခင်ဗျားရဲ့ စိတ်ကူးယဉ်အိပ်မက်တွေ၊ ရည်မှန်းချက်တွေ၊ အကြံအစည် စီမံကိန်းတွေ။ အားလုံးဟာ ငွေကြေး ပူပင်ကြောင့်ကြမှုကင်းဝေးပြီး အစောဆုံးနှင့် ငယ်နိုင်သမျှ အငယ်ဆုံး အငြိမ်းစားယူနိုင်ဖို့တွေအပေါ်မှာ အခြေပြု ထားရပါလိမ့်မယ်။

ဒီလို ရေးပြီးတယ်ဆိုရင်ပဲ ခင်ဗျားကို အထောက်အကူပေးနိုင်တဲ့ မိတ်ဆွေတစ်ယောက်ယောက်ကို သွားပြချင်စိတ် ပေါက်လာပါလိမ့်မယ်။ ဒီ စာရင်းဇယားနှင့် အိပ်မက်တွေ၊ ရည်မှန်းချက်တွေ၊ ယုတ္တိရှိတဲ့ အကြံအစည်တွေအရ အထောက်အကူကိုရှာရင်း အကောင်အထည်ဖော်လာနိုင်ပါလိမ့်မယ်။



mgyoe.com

mgyoe.com SAMPLE BOOK

နောက်ဆုံးပြောချင်တာက "ငွေဟာ မင်းကို ပျော်ရွှင်အောင် မလုပ်နိုင်ပါဘူး"လို့ လူအတော်များများ ပြောကြတာကိုပါပဲ။ တချို့တစ်ဝက်တော့ မှန်ကောင်းမှန်ပါတယ်။

သို့ပေမယ့် ငွေဟာ ကျွန်တော်တို့ 'ချစ်'တာတွေ ဝယ်ပေးပြီး၊ 'မုန်း'တဲ့အရာတွေကိုတော့ တခြားလူဆီ ရောက်အောင် ပို့ပေးနိုင်စွမ်းရှိတယ်ဆိုတာကိုတော့ မမေ့လိုက်ပါနှင့်။


mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း ။ ၂ ။

ဘာကြောင့် ငယ်နိုင်သမျှငယ်ပြီး အငြိမ်းစားယူရမှာလဲ

ကျွန်တော်ဟာ ဆယ်နှစ်နီးပါး ပင်ပင်ပန်းပန်း ရုန်းကန်လှုပ်ရှားပြီးတဲ့နောက် ငွေကြေးဒုက္ခက လွတ်မြောက်ခဲ့ချိန်မှာ ၄၇ နှစ်ပဲ ရှိပါသေးတယ်။

အဲဒီနှစ် ၁၉၉၄ ခုနှစ်မှာပဲ မိတ်ဆွေတစ်ယောက်နှင့်တွေ့ပြီး၊ သူက...

"မင်းလုပ်ငန်းကို ရောင်းထုတ်ပြီးရင် အနည်းဆုံး တစ်နှစ်လောက် အနားယူနိုင်အောင် လုပ်ပါ"တဲ့။

"တစ်နှစ်ပဲ နားရမယ်။ ဟုတ်လား။ ကျွန်တော်က အငြိမ်းစားယူတာဗျ။ တစ်သက်လုံး အပြီးတိုင် အငြိမ်းစားယူတော့မှာ။ သိလား"

ဒီအခါမှာ M.T.V နှင့် C.M.T ဆိုတဲ့ ကုမ္ပဏီတွေ ပိုင်ရှင်ဖြစ်ခဲ့တဲ့ မိတ်ဆွေကြီးနီးလ်က–


mgyoe.com

mgyoe.com
SAMPLE BOOK

"ဒါဆိုရင် မင်း သုံးလအတွင်းမှာ ပျင်းရိငြီးငွေ့တဲ့ဒဏ် အလူး အလိမ့်ခံစားပြီး နောက်ကုမ္ပဏီအလုပ်တစ်ခု စ,ဖို့ ကြံမိမှာပဲ။ မင်း အတွက် အခက်ဆုံးအလုပ်က ဒီအတွင်းမှာ ဘာမှလုပ်စရာမရှိဘဲ 'ငေါင်' နေတာပဲပေါ့။ ဒါကြောင့်လည်း နောက် အလုပ်သစ်တစ်ခုလုပ်ဖို့ စဉ်း စားရအောင် တစ်နှစ်လောက် အချိန်ယူစောင့်ဖို့ ပြောနေတာပဲ"

ဒီတော့ ကျွန်တော်က ရယ်လိုက်ပါတယ်။

"ကျွန်တော့်မှာ အလုပ်သစ်စ,ဖို့ ဘာအစီအစဉ်မှ မရှိပါဘူး။ ကျွန်တော့်ကို နောက်တစ်ချိန် ပြန်တွေ့တဲ့အခါ စီးပွားရေးလုပ်ငန်းရှင် တစ်ယောက်ရဲ့အသွင် လုံးဝပျောက်ပြီး စိတ်လွတ်ကိုယ်လွတ်ဖြစ်နေတာ တွေ့ရစေမယ်"

"ဒါဆို လူတစ်သန်းမှာ တစ်ယောက်ရနိုင်ခဲတဲ့ အခွင့်အရေးမျိုး မင်း ရလိုက်တယ် ဆိုရမှာပဲ။ လူလတ်ပိုင်းမှာ အငြိမ်းစားရဖို့ မလွယ် သလို၊ လူအတော်များများဟာလည်း အလုပ်ကို မရပ်တမ်း ဆက်လုပ် နေရတာပဲ။ မလုပ်ချင်ဘဲနှင့် ဆက်လုပ်နေရတာပေါ့။ ဒီတော့ ဘာမှ မလုပ်ဘဲ တစ်နှစ်လောက် နေကြည့်။ ဒီအခွင့်အရေးဟာ လူနည်းစုလေး သာရတဲ့ အထူးလက်ဆောင်ပဲ"

သူက ဆက်ပြောသေးတယ်။

"အဲဒီ တစ်နှစ်အတွင်း လူဟာ ငေါင်တောင်တောင် ကြောင် တောင်တောင်ကြီးကို ဖြစ်နေတာကလား။ အိပ်ရာကနိုးတာနှင့် အလုပ် သွားစရာမရှိလို့ ဘာလုပ်ရမှန်း မသိတဲ့အဖြစ်ဟာ အတော်ဆိုးတာပဲ။ အတော် အသားကျအောင် နေယူရတယ်ကွ။ တို့ ငါးနှစ်သားကတည်းက ကျောင်းတက်ခဲ့ရပြီး၊ ကျောင်းထွက်တော့ အူကြောင်ကြောင် ဖြစ်နေတာ မျိုးပေါ့။ ဒီလိုနှင့် ဖီဂျီကျွန်းမှာ မိသားစုနှင့် တစ်လလောက် သွားနေ။ နောက် အီတလီကို သွားလည်။ တစ်နှစ်နီးပါးကြာမှ နေရထိုင်ရ

mgyoe.com

mgyoe.com SAMPLE BOOK

အဆင်ပြေလာတာ။ တန်ဖိုးမဖြတ်နိုင်တဲ့ ဘဝအရသာကို ခံစားခဲ့ရတယ် ဆိုပါတော့"

နီးလ်ကိုယ်တိုင်ကတော့ ဘဏ်မှာ ငွေတွေ သန်းချီအပ်ပြီး ၄၁ နှစ်မှာ အငြိမ်းစားယူခဲ့သူပါ။

## ကိုယ်တွေ့ကြုံခြင်း

နီးလ်ပြောတာ အမှန်ပဲ။ အငြိမ်းစားယူပြီးတဲ့ နောက် လုပ်စရာ မရှိ၊ ဘာလုပ်ရမှန်း မသိတာ အဆိုးဆုံးပေါ့။

ကျွန်တော်ဟာ ခြောက်လလောက် ကြိုတင်ပြင်ဆင်ခဲ့ရာက အလုပ်အတွက် ရှူးသွပ်မှုကို အဆုံးသတ် ရပ်နားဖို့ စီစဉ်ခဲ့ပါတယ်။

၁၉၉၄ ခုနှစ် စက်တင်ဘာလအတွင်းမှာ လုပ်ငန်းနှင့် စပ်ဆိုင်သမျှ ရောင်းချလွှဲပြောင်းပြီးခဲ့တယ်။ ငွေတချို့ကို ဘဏ်မှာ အပ်တယ်။ တိုက်ခန်းတွေ၊ ကုန်လှောင်ရုံတွေ ဝယ်ထားလိုက်တယ်။ ပြီးတော့ တရားဝင် အငြိမ်းစား ယူလိုက်တော့တာပဲ။

လုပ်ငန်းနှောင်ဖွဲ့မှုတွေက လွတ်မြောက်ပြီး၊ ငွေကြေးသောကတွေ ကင်းဝေးတဲ့ဘဝမှာ ပျော်ရွှင်ချမ်းမြေ့စွာနေဖို့ပဲ ရှိတော့တာပေါ့။

ဒါပေမယ့် နီးလ် သတိပေးခဲ့တဲ့အတိုင်း လုပ်ငန်းတွေ လက်လွှတ်ရောင်းပစ်လိုက်ပြီးစ ရက်သတ္တပတ်တွေမှာ နေမထိထိုင်မထိနှင့် ဘာမှန်းမသိတဲ့ ရောဂါတစ်မျိုးကို ခံစားရသလို ဂယောင်ချောက်ချား ဖြစ်နေရတယ်။

မနက်အစောကြီး အိပ်ရာကထပြီး တစ်နေ့တာ လုပ်စရာ ဘာအစီအစဉ်မှ မရှိပါလားဆိုပြီး ငေါင်ခဲ့ရတဲ့ ရက်တွေ မနည်းဘူး။ ဘယ်သူနှင့်မှလည်း တွေ့စရာ မရှိ။ ဘယ်မှလည်း သွားစရာမရှိ။


mgyoe.com

mgyoe.com SAMPLE BOOK

အသုံးမကျတဲ့ လူတစ်ယောက်အဖြစ်နှင့် အလကား အချိန်ကုန်နေသလိုပဲ။

ငွေရင်းမြှုပ်နှံမှုနှင့် အိမ်ခန်းကိစ္စတွေတောင် ဇနီးဖြစ်တဲ့ ကင်ကို လွှဲထားခဲ့တာဆိုတော့ ကျွန်တော့်မှာ တကယ် အလုပ်လက်မဲ့။

"ရှင့်မိတ်ဆွေတွေနှင့် တွေ့ပြီး တစ်ခုခု လုပ်ပါလား"

"ငါ သူတို့ကို ခေါ်ကြည့်သေးတယ်။ သူတို့အားလုံး အလုပ်များနေကြတယ်။ အားလပ်ချိန် မရကြဘူးတဲ့"

လ,အနည်းငယ်အကြာမှာ ကျွန်တော်နှင့် ကင်ဟာ ဖီဂျီကျွန်းမှာ သွားနေခဲ့ကြတယ်။

ဟာဝေယံကျွန်းသားဖြစ်တဲ့ ကျွန်တော့်ကိုတောင် ဖီဂျီကျွန်းရဲ့ အလှအပတွေက ဖမ်းစားနိုင်ခဲ့တယ် ဆိုရမယ်။ နတ်ဘုံနတ်နန်းတမျှ ပျော်စရာတွေလည်း စုံလို့ပါပဲ။ ဒါပေမယ့် ကြာကြာမပျော်နိုင်တာနှင့် နှစ်ပတ်ပဲ နေခဲ့ကြပါတယ်။

ဒီလိုနှင့် အရီဇိုနားကအိမ်ကို ပြန်ခဲ့ကြပါတယ်။

အဲဒီနောက် ကုမ္ပဏီမန်နေဂျာအဖြစ်က အငြိမ်းစားယူလာတဲ့ အိမ်နီးချင်းအသစ်(အသက် ၆၈ရှိပြီဖြစ်တဲ့)က လာမိတ်ဖွဲ့ခဲ့ပါတယ်။

သူဟာ သူ့ခြံနောက်ဘက်မှာ ပန်းပင်သီးပင်တွေ စိုက်လိုက်၊ ဂေါက်ရိုက်လိုက်နှင့် တကယ့် အငြိမ်းစားစည်းစိမ်ကို အပြည့်အဝ ခံစားနေတာလည်း တွေ့ရတယ်။

သူက ကလပ်သွား ဖဲရိုက်ဖို့ ဆွယ်တဲ့အဆုံးမှာတော့ ကျွန်တော်လည်း 'ငါ အလုပ်မရှိတဲ့အတူတူ အချိန်ဖြုန်းစရာ တစ်ခုခုတော့ ရှာမှာပဲ' လို့ နားလည်ခဲ့ရတယ်။

ဒါကြောင့်လည်း မက္ကစီကို၊ နယူးမက္ကစီကို၊ အရီဇိုးနား သုံးပွင့်ဆိုင်နယ်စပ်ဖြစ်တဲ့ ဘစ်စ်ဘီးမှာရှိတဲ့ ကျွန်တော်တို့ပိုင် ခြံငယ်လေးကို သွားနေဖို့ ကြံမိပြန်ပါတယ်။


mgyoe.com

mgyoe.com SAMPLE BOOK


ထင်းရှူးပင်အမြင့်ကြီးတွေ ဖုံးလွှမ်းနေပြီး စမ်းချောင်းလေးတစ်ခုက ပြတ်တောင်းပြတ်တောင်း စီးဆင်းနေတယ်။ သမင်တွေ အုပ်လိုက်ရှိပြီး တောင်ခြေသို့တစ်ကောင် လာလာချောင်းတာလည်း တွေ့ရတယ်။

ဒီတောဒီတောင်ဟာ ကျွန်တော် တစ်နှစ်စာ အနားယူပြီး ဘာမှ မလုပ်ဘဲ ထိုင်အလုပ်ရှုပ်နေဖို့ အသင့်တော်ဆုံးနေရာ ဖြစ်ခဲ့ပါတယ်။

တီဗွီ မပြောနှင့်၊ ရေဒီယိုတောင် မရှိတဲ့ အခန်းလေးထဲမှာ အေးအေးဆေးဆေးထိုင်နေရင်း ရက်အနည်းငယ်တွင်းမှာ တည်ငြိမ်မှု ရခဲ့လို့ပါပဲ။

ဘဝသစ် ပြန်အစ

ကျွန်တော်ဟာ တစ်ယောက်တည်း အခန်းအောင်နေရင်းက ကိုယ့်ဘဝကိုယ် ပြန်သုံးသပ် စဉ်းစားဖို့ အချိန်တွေ ရခဲ့ပါတယ်။

ငယ်ငယ်က မဆင်မခြင် ထင်ရာစိုင်းပြီး မိုက်မိုက်မဲမဲ လုပ်ခဲ့မိတာတွေ၊ ကောင်းတယ်ထင်ခဲ့တာ တချို့ဟာ တကယ်တမ်းကျတော့မှ မကောင်းမှန်းသိရတာတွေ၊ ဆိုးလှပါပြီဆိုတဲ့ အခြေအနေတွေကလည်း ထင်သလောက် အဆိုးကြီး မဟုတ်ခဲ့တာတွေ။

လူငယ်ဘဝက သူငယ်ချင်းတွေနှင့် ရယ်မောပျော်ပါး ကစားခဲ့တာတွေ ကွက်ကွက်ကွင်းကွင်း ပြန်တွေးမြင်မိတော့လည်း ချက်ချင်းပဲ ပြန်ငယ်ချင်စိတ် ပေါက်ခဲ့ရကာ ပြုံးမိခဲ့ရပြန်ပါတယ်။

ကြီးပြင်းလာတဲ့အခါ လူဆိုးလူကောင်း လူအမျိုးမျိုးနှင့် ဆုံတွေ့ခဲ့ရပုံတွေ၊ လောကဓံအတိုင်း အနိမ့်အမြင့် အတက်အကျတွေ ဖြတ်သန်းခဲ့ရတာတွေလည်း ပြန်ပေါ်လာတယ်။

တစ်ခါ ကျွန်တော့်ရဲ့ဘဝမှာ တွေ့ခဲ့ရတဲ့လူတွေ၊ ကောင်းကောင်း ဆိုးဆိုး အတွေ့အကြုံတွေ အားလုံးဟာ တန်ဖိုးရှိပါလားလို့ သိလာတယ်။


mgyoe.com

mgyoe.com
SAMPLE BOOK


လူတွေဟာ ကိုယ့်ကိုယ်ကိုယ် ကောင်းအောင်ဆိုးအောင် လုပ်နိုင်စွမ်းတဲ့အဖြစ်လည်း နားလည်ခဲ့ရတယ်။

လူတိုင်းမှာ ထိပ်တန်းရောက် ထူးချွန်ကြီးကျယ်မှုတွေ ရအောင် စွမ်းဆောင်နိုင်အားတွေ ရှိပါတယ်။ ဒါပေမယ့် ကျွန်တော့်ရဲ့ငယ်ဘဝဟာ အဲသလို ထူးခြားမှုတွေ မရှိခဲ့ပါဘူး။

ကျွန်တော်ငယ်ငယ်က ပါရမီရှင် ကလေးငယ်တစ်ယောက် မဟုတ်ခဲ့သလို၊ ဂီတပညာမှာ ထူးချွန်သူလည်း မဟုတ်ခဲ့ပါဘူး။ အားကစားဘက်ကကော ကြယ်တစ်ပွင့် ဖြစ်ခဲ့ပါသလား။ ဝေးပါသေးရဲ့။

တစ်ယောက်တည်းထိုင်ပြီး အတိတ်ကို စိမ်ပြေနပြေ တွေးခွင့်ရလိုက်ရာက ကျွန်တော့်ရဲ့ အတိတ်ဘဝဟာ သာမန်အညတရတစ်ယောက်ပဲ ဖြစ်ခဲ့တာကို တွေ့ခဲ့ရပါတယ်။

ဒီ့အပြင် ရွေးချယ်မှုတွေနှင့် ပတ်သက်လို့လည်း အဖြေထုတ်စဉ်းစားမိခဲ့တယ်။



ကျွန်တော်ဟာ ကောလိပ်ကျောင်းနေဖက် သူငယ်ချင်းမလေးကိုသာ ယူမိခဲ့ရင် ဘာတွေဖြစ်ကုန်မလဲ။

mgyoe.com

လေတပ်ထဲ ·လေသူရဲအဖြစ်နှင့်ဝင်ပြီး ဗီယက်နမ်ကို သွားတိုက်တဲ့ အထဲသာ မပါခဲ့ရင် ဘာဖြစ်လာမလဲ။

တခြားမိတ်ဆွေတွေလို စစ်မှုမထမ်းဘဲ ရှောင်ခဲ့ရင်ကော ဘာတွေ ဖြစ်ဦးမှာလဲ။

နိုင်လွန်နှင့် ပိုက်ဆံအိတ်စက်ရုံ မထောင်ဘဲ မဟာဘွဲ့ယူဖို့ ကျောင်းဆက်တက်ရင်ကော ဘာတွေ ဖြစ်မလဲ။

ကင်နှင့် မတွေ့ခဲ့ရင်၊ ဒါမှမဟုတ် လက်မထပ်ခဲ့ရင်ကော တခြားဘာဖြစ်ခဲ့မှာလဲ။

ကံဆိုးမိုးမှောင်ကျခဲ့တဲ့အချိန်တွေမှာ ကင်သာ ကျောချင်းကပ်ပြီး ရင်မဆိုင်ခဲ့ရင် ဘာတွေဖြစ်သွားမလဲ။

အဓိက အရေးကြီးဆုံးအနေနှင့် ကျွန်တော့်ဘဝမှာ ဆုံးရှုံးမှု၊ အောင်မြင်မှုတွေသာ မတွေ့ခဲ့ရင် ကျွန်တော် ဘာအသိပညာတွေရပြီး၊ ဘယ်ဘဝ ရောက်သွားမလဲ။

လူတိုင်းဟာအတိတ်ကို ပြန်မပြင်နိုင်တော့တာတော့ အမှန်ပါပဲ။ ဒါပေမယ့် အတိတ်ကအယူအဆ၊ ထင်မြင်ချက်တွေကိုတော့ ခင်ဗျား ပြန်ပြင်နိုင်ပါတယ်။

ကျွန်တော့်ရဲ့ အတိတ်ဘဝကတော့ သူလိုကိုယ်လို နေ့စဉ် အလုပ်တွေနှင့် သံသရာလည်ပြီး အဓိပ္ပာယ် သိပ်မရှိလှတာ သုံးသပ် မိလိုက်ပါပြီ။

ဘာပဲပြောပြော၊ အတိတ်က ဖြစ်ရပ်တွေ၊ ကြုံဆုံခဲ့ရတဲ့ အပေါင်း အသင်းမိတ်ဆွေ၊ မိသားစုတွေနှင့် ကျွန်တော်ကိုယ်တိုင် ကျွန်တော့်ဘဝရဲ့ တစ်စိတ်တဒေသ ပါဝင်ကပြခဲ့တဲ့အတွက် ကျေးဇူးတင်ခဲ့မိပါရဲ့။


mgyoe.com

mgyoe.com
SAMPLE BOOK

တောင်ပေါ်အိမ်လေးမှာ တစ်ယောက်တည်း ထိုင်တွေးရင်း အတိတ်ကို 'ကျေးဇူးပဲ'လို့ နှုတ်ဆက်စကားဆိုပြီး၊ အနာဂတ်အတွက်ပြင်ဆင်ဖို့အချိန်တွေ ရယူနိုင်ခဲ့ပါပြီ။

နောက်ဆုံးအလုပ်က တစ်နှစ်လောက် အားလပ်ရက်ယူတဲ့အကြောင်းနှင့် ပတ်သက်လို့ လူတွေကို ပြောမိတိုင်း–

"လူလတ်ပိုင်းအရွယ်မှာ အငြိမ်းစားယူပြီးတဲ့နောက် တစ်နှစ်တာအပန်းဖြေ အနားယူလိုက်တာဟာ ဘဝကို အသစ်တစ်ဖန်ပြန်စဖို့ အခွင့်အရေး ရစေပါတယ်"လို့ ထည့်ပြောနေကျပါ။

ကျွန်တော်ဟာ လုပ်ငန်းတွေ ရောင်းချပြီး လုံးဝ အငြိမ်းစားယူခဲ့ရာက ၁၈ လအကြာမှာ အရီဇိုနားတောင်ပိုင်း တောင်တန်းပေါ်က ပြန်ဆင်းခဲ့ပါတယ်။

အဲဒီအချိန်ထိ ရှေ့ဆက် ဘာလုပ်ရမှန်း မသိပေမယ့် တစ်မူခြားတာတွေ လုပ်ချင်နေခဲ့တာတော့ နားလည်ခဲ့ပါတယ်။

ကျွန်တော့်ရဲ့ အက်ပဲလ်ကွန်ပျူတာထဲမှာ 'သူဌေးဖေဖေ ဆင်းရဲဖေဖေ'စာမူကို အကြမ်းရေးထည့်ထားပြီးသလို၊ လက်ဆွဲအိတ်ထဲမှာတော့ CASH FLOW 101 ကစားနည်း ပုံကြမ်းလောင်းထားတာတွေ ပါနေခဲ့ပါပြီ။

ကျွန်တော့်ဘဝရဲ့ ဒုတိယပိုင်းကို စ,ခဲ့ပါပြီ။

ခုမှ ကျွန်တော့်ရဲ့ ကိုယ်ပိုင်ဘဝလို့ ဆိုရမှာပါ။


ကျွန်တော်ဟာ ပို အသက်ကြီးလာသလို အသိပညာတွေ ပိုကြွယ်ဝခဲ့ရာက၊ ပိုပြီး အရည်အသွေး တောက်ပခဲ့ပါပြီ။ ဆင်ခြင်တုံတရားကင်းမဲ့မှုတွေနည်းလာတဲ့အပြင်၊ ယုံကြည်စိတ်ချမှုအားတွေလည်း ပိုရှိလာပါပြီ။

ဒီတော့ ရှေ့အဖို့မှာ ကျွန်တော့်ဘဝကို ကျွန်တော် စိတ်ကြိုက်ဖန်တီးနိုင်စွမ်း ရခဲ့ပြီဆိုပါတော့။


mgyoe.com

mgyoe.com
SAMPLE BOOK


ဒါဟာ အတတ်နိုင်ဆုံး ငယ်ငယ်ရွယ်ရွယ်နှင့် အငြိမ်းစားယူသင့်တယ်လို့ ကျွန်တော် အားပေးထောက်ခံခဲ့မှုရဲ့ အဓိကအကြောင်းပါပဲ။



အကြံပြုချက်တစ်ခုအနေနှင့် ပြောချင်ပါသေးတယ်။ ခင်ဗျား စောစောစီးစီး အငြိမ်းစားယူသည် ဖြစ်စေ, မယူသည်ဖြစ်စေ 'တစ်လမှာ တစ်နာရီလောက်တော့ ကိုယ့်ဘဝကိုယ် ပြန်လှန်သုံးသပ်မှု လုပ်ပါ'လို့။

ကျွန်တော့်ကိုယ် ကျွန်တော် သုံးသပ်ခဲ့ရာက တွေ့ရှိခဲ့ရတာ တွေကတော့–

၁။ ကျွန်တော်က အရေးကြီးတယ်လို့ ထင်ထားတာ တချို့ဟာ တကယ်အရေးကြီးတာ မဟုတ်တာပဲ။

၂။ တကယ်အရေးကြီးတာက ကိုယ် ဘယ်အခြေအနေမှာ ရောက်နေတယ်ဆိုတာပဲဖြစ်တယ်။ ဘယ်ကိုဦး တည်သွားနေတယ်ဆိုတာ မဟုတ်ဘူး။

၃။ လောလောဆယ် ခင်ဗျားရှေ့မှာ အနီးကပ်ဆုံးရှိနေတဲ့လူထက် ပိုအရေးကြီးတဲ့လူ မရှိပါဘူး။ လက်ငင်းအားဖြင့် အဲဒီလူနှင့်အတူ ပေါင်းစည်းနေပါ။


mgyoe.com

mgyoe.com SAMPLE BOOK

၄။ အချိန်ဟာ တန်ဖိုးဖြတ်လို့ မရပါဘူး။ အလဟဿ ဖြုန်းတီး မပစ်ပါနှင့်။ အမြဲ တန်ဖိုးထားပါ။
၅။ အလုပ်ရှုပ်နေရတာထက် တစ်ခါတလေ ရပ်နားရတာ ပိုခက် ပါတယ်။

ကျွန်တော့်အဖို့တော့ အစောကြီး အငြိမ်းစားယူခြင်းရဲ့ အကောင်းဆုံးအချက်ဟာ ဘဝကို တန်ဖိုးထားတတ်လာခြင်းပဲ ဖြစ်ပါတယ်။

ဘဝမှာ အပြေးအလွှား အလုအယက် ရုန်းကန် တိုက်ခိုက် ခဲ့ရတာတွေကို ဘာမျှလုပ်စရာမရှိဘဲ ငြိမ့်ငြိမ့်လေးထိုင်စားနေတာနှင့် ယှဉ်တွက်ပြီး ဘဝတန်ဖိုးကို အမှန်အကန် နားလည်ခဲ့ရပါတယ်။

ခင်ဗျားရဲ့ဘဝမှာ ဘယ်အခြေအနေပဲဆိုက်ဆိုက် ပြန်လှန် သုံးသပ်ပြီး တန်ဖိုးတွက်ဖို့ အချိန်ယူပါ။ ဘာကြောင့်လဲဆိုတော့ မနက်ဖြန်ဆိုတာလည်း အမှတ်တရ ကျန်ခဲ့မယ့် နေ့တစ်နေ့သာ ဖြစ်လာမှာမို့ပဲပေါ့။

ဒီနေရာမှာ ကျွန်တော်တို့ ကက်ရှ်ဖလိုးနည်းပညာ ကုမ္ပဏီ လုပ်ငန်းစုရဲ့ စီမံချက်အကောင်အထည်ဖော်ရေး ဒါရိုက်တာဖြစ်တဲ့ မေရီ ပိန့်တာရဲ့မှတ်ချက်ကလေးကို တင်ပြပါရစေ။

သူဟာ ပင်ဆဲလ်ဗေးနီးယားပြည်နယ် အငြိမ်းစားယူမှုစနစ်ရဲ့ နာရေးဌာနမှာ အမှုထမ်းခဲ့သူပါ။

ဒါနှင့်အမျှ နာမကျန်းလို့၊ ရောဂါရလို့၊ ကိုယ့်ကိုယ်ကိုယ် သေကြောင်းကြံလို့စတဲ့ သေမှုသေခင်းတွေဟာ အငြိမ်းစားယူပြီး လ, အနည်းငယ်အကြာမှာပဲ ပေါ်ပေါက်တတ်တာ တွေ့ရပါတယ်တဲ့။

အကြောင်းရှာတော့ သူတို့ဟာ ဘဝတစ်လျှောက်လုံး အလုပ်လုပ်ဖို့သာသိခဲ့သလို၊ အငြိမ်းစားယူတာနှင့် သူတို့အဖို့ အလုပ်လက်မဲ့ဖြစ်ပြီး ဘာလုပ်ရမှန်းမသိတဲ့ ဝေဒနာကို မခံစားနိုင်လို့ပဲ ဖြစ်ပါသတဲ့။


mgyoe.com

mgyoe.com SAMPLE BOOK



ဒုတိယအကြောင်းပြချက်အရ တစ်သက်လုံး ပင်ပင်ပန်းပန်း လုပ်ပြီး အိုမင်းမစွမ်းဖြစ်လို့ အငြိမ်းစားယူချိန်မှာ ပင်စင်လစာ လုံလောက်အောင် မရလို့ပါပဲ။

လွန်ခဲ့တဲ့ နှစ်ပေါင်းများစွာက အဲဒီ အဘိုးကြီး အဘွားကြီးတွေရဲ့ အဖြစ်ဆိုးကို သင်ခန်းစာယူပြီး သူတို့လိုမကြုံရအောင် ကြိုးစားခဲ့ပါတယ်တဲ့။

ဒီအချက်ကိုထောက်ရင် ငယ်ရွယ်ပျိုမျစ်ချိန်မှာ သူဌေးဖြစ်ပြီး၊ အငြိမ်းစားယူနိုင်မှုရဲ့ တန်ဖိုးကို တွက်ဆနိုင်လောက်ပါပြီ။



mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း ။ ၃ ။

## ကျွန်တော် စောစီးစွာ အငြိမ်းစားယူခဲ့ပုံ

၁၉၉၉ ခုနှစ်နွေဦးပေါက်။ ကျွန်တော်ဟာ လော့စ်အိန်ဂျလိစ်မှာ ဘဏ်လုပ်ငန်းရှင် ၂၅၀ လောက်ကို တွေ့ဆုံဟောပြောဖို့ အခွင့်ကြုံခဲ့ပါတယ်။

ဟောပြောပွဲအစမှာ ကျွန်တော့်လက်ထဲ သတင်းစာအချပ်ပို မျက်နှာဖုံးက 401 (k) အငြိမ်းစားရန်ပုံငွေ စနစ်အရ စတော့ဈေးကွက်က ဈေးတက်နေတဲ့ ရှယ်ယာဝေစုတွေ ရခဲ့ပြီး အနားယူခဲ့တဲ့ သက်ကြီးအိုဇနီးမောင်နှံ ဂေါက်ကွင်းသုံးယာဉ်ငယ်ပေါ်မှာ ပြုံးပျော်နေကြတဲ့ ဓာတ်ပုံကို ပြခဲ့ပါတယ်။ သူတို့ဟာ အသက် ၅၉ နှစ်နှင့် အသက် ၅၆ နှစ်စီ ရှိကြပါတယ်။ ဓာတ်ပုံပါ သတင်းဆောင်းပါးခေါင်းစဉ်က 'ကျုပ်တို့အချိန်စောပြီး အငြိမ်းစားယူဖို့ ဆုံးဖြတ်ခဲ့ကြပါတယ်'ဆိုပဲ။

ကျွန်တော်က ဆောင်းပါးပါ အကြောင်းအရာကို နည်းနည်းဖတ်ပြလိုက်ပါတယ်။ ပြီးတော့...


mgyoe.com

mgyoe.com SAMPLE BOOK


"ကျွန်တော့်ဇနီးကင်နှင့် ကျွန်တော်တို့လည်း အစောကြီး အငြိမ်းစားယူခဲ့ကြတာပါ။ ကျွန်တော်က ၄၇ နှစ်၊ ကင်က ၃၇နှစ်မှာ ဖြစ်ပါတယ်။ ဒီတော့ သူတို့ထက် ကျွန်တော်က ၁၂ နှစ်၊ ကင်က ၁၉ နှစ် ပိုစောတယ် ဆိုရမှာပေါ့။ သူတို့နှင့် ကျွန်တော်တို့ ဘာတွေ ဘယ်လို ကွာခြားခဲ့သလဲဆိုတာ သိကြပါရဲ့လား"

ကျွန်တော့်မေးခွန်းကို ဘယ်သူမှ အဖြေမပေးခဲ့ကြပါဘူး။ နားထောင်ရုံသက်သက် လာကြပုံရပြီး၊ တစ်ခန်းလုံး မလှုပ်မယှက် ငြိမ်နေကြပါတယ်။

ရယ်စရာပြက်လုံး ထုတ်လိုက်တာကို ပရိသတ်က မရယ်ဘဲ တောင့်ခံနေတဲ့အဖြစ်မျိုးကြုံလိုက်ရတဲ့ လူရွှင်တော်လို စင်ပေါ်မှာ ကျွန်တော်တစ်ယောက်တည်း ငေါင်းစင်းစင်းကြီး ရပ်နေမိလျက်သား။

ဒါနှင့် ကျွန်တော် မေးခွန်းအသစ် ထပ်ထုတ် လိုက်မိတယ်။

"ခင်ဗျားတို့အထဲကကော စောစောစီးစီး အငြိမ်းစားယူဖို့ ဘယ်နှစ်ယောက် ကြံထားကြပါသလဲ"

ဒါလည်း ဖြေမယ့်လူ မရှိပြန်ဘူး။ ကျွန်တော် တိုက်ကွက် အမြန်ပြောင်းလိုက်ရတယ်။ ပရိသတ်ကို ခြုံကြည့်လိုက်တယ်။ ကျွန်တော့်ထက် ငယ်တဲ့လူတွေ တစ်ပုံကြီးပါတယ်။ ကျန်တဲ့အများစုကတော့ သက်တူရွယ်တူတွေဖြစ်နေတာ တွေ့ရတယ်။

"ကောင်းပြီ။ ဒီပရိသတ်ထဲမှာ ၄၂ နှစ်အောက် ဘယ်နှစ်ဦး ရှိပါသလဲ"

ဒီတော့မှ အသက်ဝင် တုံ့ပြန်လာကြပါတယ်။ တဖြည်းဖြည်း ဟိုက ဒီက လက်ဝါးထောင်ပြကြတာ ၆၀ ရာခိုင်နှုန်းလောက် ဖြစ်သွားပါတယ်။

ကျွန်တော်က အဲဒီအုပ်စုကို ဦးတည်ပြီး တိုက်ကွက်ဆင် လိုက်တော့တာပဲ။


mgyoe.com

mgyoe.com SAMPLE BOOK

"ခင်ဗျားတို့တတွေ အသက်လေးဆယ်ပိုင်းမှာ အငြိမ်းစားယူပြီး ကျန်တဲ့တစ်သက်လုံး ငွေကြေးအရ မပူပင် မကြောင့်ကြရတော့တဲ့ဘဝကို မလိုချင်ကြပါဘူးလား။ ဘယ်နှစ်ယောက်လောက် လိုချင်ကြပါလိမ့်"

လက်တွေ ခပ်သွက်သွက်လေး ထောင်ပြကြတာ မနည်းပါဘူး။

သူတို့ဟာ အိုကြီးအိုမနှင့် ခါးချည့်တဲ့အထိ မလုပ်ချင်ကြတဲ့ အစိပ္ပာယ်ပေါ့။ ဒီတင် ကျွန်တော်က အပိုင်ပြောဖို့ ကြိုးစားလိုက်တယ်။

"ကျွန်တော့်အနေနှင့်တော့ အပေါင်ခံတဲ့ဘဏ်သူဌေးတွေကို ကျေးဇူးတင်ချင်ပါတယ်။ သူတို့ဟာ ကျွန်တော့်ကို အရွယ်မတိုင်ခင် နုပျိုသန်စွမ်းစဉ်မှာ အငြိမ်းစားယူနိုင်အောင် ကူညီသူတွေ ဖြစ်လို့ပါပဲ။ ဒီအထဲမှာ အိမ်ရာမြေပွဲစားတွေ၊ ငွေဈေးက ပွဲစားတွေတော့ မပါပါဘူး။ ကျွန်တော့်ကို ကျွန်တော့်အဖေထက် အနှစ် နှစ်ဆယ်လောက်စောပြီး အငြိမ်းစားယူခွင့်ပေးခဲ့ကြတာဟာ ခင်ဗျားတို့လို အပေါင်ခံဘဏ် လုပ်ငန်းရှင်တွေပါ။ ဒါနှင့်အမျှ ခုန သတင်းစာထဲပါတဲ့ လင်မယားထက် လည်း အများကြီးစောပြီး အငြိမ်းစားယူနိုင်ခဲ့ပါတယ်။ ခင်ဗျားတို့က ဘယ်နည်းနှင့် ကူညီခဲ့တယ်ဆိုတာ ပြောပြပါ့မယ်"

ကျွန်တော်ဟာ မေးခွန်း ဆက်မထုတ်တော့ဘဲ ဧရာမစာလုံး မည်းကြီးတွေနှင့် ရေးလာတဲ့ကားချပ်ကို စင်မြင့်က ဘုတ်ပေါ်မှာ သွား ချိတ်လိုက်ပါတယ်။

**အကြွေးယူခြင်း**

**နှင့်**

**သာတူညီမျှ ဝေစုခွဲခြင်းတို့၏ ပဋိပက္ခ**

ကျွန်တော်က ပရိသတ်ဘက် ပြန်လှည့်ခဲ့ကာ 'အကြွေးယူခြင်း' ဆိုတဲ့ စာလုံးကို လက်ညှိုးထိုးပြလိုက်ပြီး...


mgyoe.com

"ကျွန်တော် အချိန်စောပြီး အငြိမ်းစားယူနိုင်ခဲ့တာဟာ ထောက်ပံ့ကြေးငွေရဖို့ အကြွေးယူခဲ့လို့ပဲ ဖြစ်ပါတယ်။ ခုန သတင်းစာထဲက ပုဂ္ဂိုလ်တွေကတော့ 401 (k) စနစ်အရ သူတို့ အငြိမ်းစားရန်ပံ့ငွေကို သာတူညီမျှ ဝေစုခွဲတဲ့မှုကို သုံးခဲ့ကြပါတယ်။ ဒါဟာ သူတို့ အငြိမ်းစားရဖို့ အကြာကြီးစောင့်ရတဲ့ အကြောင်းရင်းပါပဲ"

ကျွန်တော့်က အချိန်ပေးပြီး စောင့်ကြည့်လိုက်ပါတယ်။

လက်တစ်ချောင်း ထောင်လာပြီး မေးလာပါပြီ။

"သတင်းစာထဲကလူကြီးက အငြိမ်းစားယူရာမှာ သူ့ငွေနှင့် သူပြန်ယူပြီး၊ ခင်ဗျားကတော့ ကျွန်တော်တို့ ငွေနှင့် အငြိမ်းစားယူခဲ့တယ်လို့ ဆိုလိုတယ် ထင်တယ်"

"အဲဒါ အမှန်ပဲ။ ကျွန်တော်က ခင်ဗျားတို့ဆီက ငွေတွေယူပြီး တနင့်တပိုး အကြွေးတင်ခံတယ်။ သူကတော့ အကြွေးလွတ်အောင် ကြိုးစားတယ်"

နောက်တစ်ယောက်က ဝင်ပြောတယ်။

"ဒါကြောင့် သူက အချိန်ကြာသွားပြီး၊ ခင်ဗျားထက် ၁၂ နှစ် နောက်ကျသွားတယ် ဆိုပါတော့။ ခုလို အကြာကြီးစောင့်ရတာ သူ့ငွေ သူ ဝေစုပြန်ခွဲနေရတာမို့ပဲပေါ့"

ကျွန်တော်က ပြုံးလိုက်ပြီး ခေါင်းညိတ်လိုက်တယ်။ အဲဒီနောက်...

"၆၅ နှစ်မှာမှ အငြိမ်းစားယူရတဲ့ လူတစ်ယောက်နှင့် ယှဉ်လိုက်ရင် ၄၇ နှစ်မှာ အငြိမ်းစားယူခဲ့တဲ့ ကျွန်တော်က ၁၈ နှစ် အချိန်ပို အမြတ်ရတယ်လေ။ ခင်ဗျားတို့ဘဝမှာ ၁၈ နှစ်ဆိုတဲ့ အချိန်ဟာ ဘယ်လောက် အဖိုးတန်မလဲ။ ကျွန်တော့်အဖို့ ၁၈ နှစ် ပိုပြီး နပျိုငယ်ရွယ်မှုနှင့် ချမ်းမြေ့သာယာတဲ့ စည်းစိမ်ကို ခံစားရတာပေါ့။


mgyoe.com

mgyoe.com SAMPLE BOOK

ကျွန်တော့်ဇနီးဆိုရင် ၂၈ နှစ်တောင် စောပြီး ပျော်ခဲ့ရသေးတယ်။ ငွေကြေးအတွက် မပူပင်ရဘဲ လက်ထဲမှာ ငွေအပြည့်ကိုင်ပြီး လက်ညှိုးထိုး ညွှန်ရာရွှေဖြစ်၊ လိုချင်တာဝယ်နိုင်တဲ့ ဘဝလွတ်မြောက်မှု၊ ငယ်ငယ်ရွယ်ရွယ်နှင့် စိတ်ချမ်းသာပျော်ရွှင်မှုတွေ ရတာပဲ။ မလိုချင်ကြဘူးလား"

တစ်ခန်းလုံးနီးပါး လက်ဝါးထောင်ပြီး ကျွန်တော့် ဘက်က ပါလာကြတယ်။ လက်ပိုက် ဒူးချိတ်ပြီး ပေကပ်နေခဲ့သူတချို့တော့ ကျန်သေးရဲ့။ ဒီကြားထဲကပဲ ရှေ့ဆုံးတန်းက လူငယ်တစ်ယောက်က ထမေးလာတယ်။

"ဒါဆိုရင် ခင်ဗျားအနေနှင့် ဘယ်လို အကြွေးခံပြီး အငြိမ်းစား ယူခဲ့တယ်ဆိုတာရယ်, ဟိုလူက သာတူညီမျှ ခွဲတဲ့စနစ်နှင့် အငြိမ်းစား ယူခဲ့ပုံတွေရယ်ကို ရှင်းပြစေချင်ပါတယ်"

"ဟုတ်ကဲ့။ ရှင်းပြပါ့မယ်။ ဟိုလူကြီးဟာ သူ့ တွက်ကိန်းချထားတာထက် ခြောက်နှစ်စောပြီး ယူနိုင်ခဲ့တာက စတော့ဈေးကွက်က အခြေအနေကောင်းနေလို့ပါ။ ဒါ့ကြောင့် သူ့ကိုယ်ပိုင်ငွေကို ရင်းနှီးမြှုပ်နှံခဲ့တာပဲလေ။ ကဲ၊ တကယ်လို့ ခင်ဗျားတို့ဘဏ်က ငွေချေးပြီး စတော့ဈေးကွက်ကရှယ်ယာတွေ ဝယ်မယ်ဆိုရင် ဘယ့်နှယ်နေမလဲ"

"ကျွန်တော်တို့ဘဏ်တွေက စတော့တွေဝယ်ဖို့ ငွေထုတ်ချေးမှာ မဟုတ်ပါဘူး"

"ဘာကြောင့်လဲ"

"ဒါက သေချာတာမှ မဟုတ်ဘဲ။ အတော့်ကို စွန့်စားရတဲ့ ဥစ္စာ"

"မှန်တယ်။ တကယ်တော့ ဒီလူဟာ သူ့ငွေနှင့် သူ မျက်စိမှိတ် စွန့်စားရင်းနှီးခဲ့ရတာပဲ။ စတော့ဈေးကွက် အခြေအနေကောင်းသလို သူလိုလူစားတွေ သန်းချီရှိနေလို့သာ သူ ပုံမှန်ဝေစုရခဲ့ပြီး အစောကြီး အငြိမ်းစား ယူနိုင်ခဲ့တာပေါ့။


mgyoe.com

mgyoe.com SAMPLE BOOK

"တစ်နည်းပြောရင် ဒီလူ ကံကောင်းလို့ပဲပေါ့။ အစစ်ပဲ။ သူက နေရာမှန် အသက်မှန် အံကိုက်ကျခဲ့သလို မှန်ကန်တဲ့ ဈေးကွက်လည်း ပတ်မှုနှင့် တန်းတိုးခဲ့ရလို့ပဲ။ တကယ်လို့သာ ဒီလမ်းကြောင်းက ပြောင်းပြန်ဖြစ်သွားရင် ခုလို အချိန်စောပြီး နားရတော့မှာ မဟုတ်ဘူး"

နောက်တစ်ဦးက ကြားဖြတ် ဝင်မေးပြန်ပါတယ်။

"ဒါထက် ခင်ဗျားက ကျွန်တော်တို့ဆီက ငွေ ချေးပြီး ဘယ်မှာ ရင်းမှာလဲ"

"အိမ်တွေ မြေတွေမှာပေါ့။ ဒီ့အပြင် ဘယ်ကိစ္စတွေမှာများ ငွေထုတ်ချေးဖူးကြလို့လဲ။ ခင်ဗျားတို့က အပေါင်ခံဘဏ်သမားတွေပဲ။ ရင်းနှီးမြှုပ်နှံမှုလုပ်တဲ့ ဘဏ်သမားတွေမှ မဟုတ်တာ။ ဟုတ်ဘူးလား"

ပထမလူငယ်က ခေါင်းတညိတ်ညိတ်နှင့် ရေရွတ် လိုက်ပါတယ်။

"အင်း။ ကျွန်တော်တို့ဟာ အပေါင်ခံတဲ့ ဘဏ် လုပ်ငန်းရှင်တွေသာဖြစ်ပြီး၊ အိမ်ခြံမြေတွေအတွက်ပဲ ငွေချေးကြတယ်။ စတော့တွေ၊ စာချုပ်တွေ၊ အကျိုးတူ အစုစပ်ရန်ပုံငွေတွေကိုမှ မချေးဘဲ"

"ဒါပေမယ့် လွန်ခဲ့တဲ့ဆယ်နှစ်အတွင်း အိမ်မြေတွေထက် စတော့ဈေးကွက်က တန်ဖိုးပိုမြင့်ပြီး ဈေးကောင်းရခဲ့တာ မဟုတ်လား။ ကျွန်မရဲ့ 401 (k) ရင်းနှီးမှုတွေက အိမ်မြေရင်းနှီးမှုထက် ပို အကျိုးရှိခဲ့တာပဲ"

ပရိသတ်အလယ်လောက်က အမျိုးသမီးငယ်တစ်ဦးက ထ,ပြော ခဲ့တာပါ။

ကျွန်တော်က ခုလို တုံ့ပြန်လိုက်ပါတယ်။

"ဒါတော့ မှန်ပါလိမ့်မယ်။ အဲဒါကလည်း ဈေးကွက် ကောင်း နေတဲ့အချိန်နှင့် ငွေတန်ဖိုး မြင့်နေချိန်တွေ တိုးခဲ့လို့ပါ။ ဘယ်လိုပဲကောင်း ကောင်း အာမခံစာချုပ်တွေဆိုရင် ခင်ဗျား ဝယ်ထားမှာလား"


mgyoe.com

mgyoe.com SAMPLE BOOK

"ဘယ်ဝယ်ပါ့မလဲ"

"ဟုတ်တယ်။ ကျွန်တော်လည်း မဝယ်ဘူး။ ငွေ တန်ဖိုးတက်နေတာကို ကြည့်ရုံနှင့် ရင်းနှီးမြှုပ်နှံမှု လုပ်မှာ မဟုတ်ပါဘူး။ ကျွန်တော့်ရဲ့ ပိုင်ဆိုင်မှုတန်ဖိုးဟာ ငွေတန်ဖိုးအပေါ်မှာ အားမထားဘဲ ငွေဝင်လမ်းပေါ်မှာ မူတည်ထားလို့ပါပဲ။ အမိပ္ပာယ်က ခင်ဗျားတို့ငွေစုသလို ငွေသေတွေ မဟုတ်ဘဲ၊ လစဉ်ဝင်ငွေတွေ ပေးနိုင်တယ်။ တိုက်ခန်းငှားတာတွေ၊ ဈေးကောင်းရရင် ရောင်းလိုက်တာတွေနှင့် ငွေ မပြတ်တမ်း လည်ပတ်စီးဝင်နေတဲ့ ငွေရှင်တွေ ဖြစ်နေတယ်။ ဒီတော့ ကျွန်တော့်လို ငယ်ငယ်ရွယ်ရွယ် စောစောစီးစီး အငြိမ်းစားယူချင်ရင်တော့ ကျွန်တော့်လိုပဲ ရင်းနှီးမြှုပ်နှံကြစေချင်ပါတယ်"

ဆွေးနွေးပွဲပြီးချိန်မှာ တခြားနေရာတွေနည်းတူ အပေါင်ခံ ဘဏ်သူဌေးဆိုတဲ့ လူတွေဆီက ဝေဖန်သံ, မှတ်ချက်ချသံတွေ တလေတည်း ထွက်လာပါတယ်။

"သူပြောတာတွေက စွန့်စားလွန်းရာ ရောက်တယ်"

"ငါသာဆိုရင်တော့ သူ့ကို ဘယ်တော့မှ ငွေ မချေးဘူး"

"သူ့ဘာသာသူ ဘာပြောလို့ပြောမှန်း သိတာမဟုတ်ဘူး"

"ဒီနေ့အခြေအနေအရ ဈေးကွက်ချင်းမှ မတူတာ။ သူပြောသလို လုပ်လို့မရတော့ဘူး"

"သူ ကံကောင်းလို့ပါ။ အိမ်ဈေးကွက်ပျက်တာနှင့် တို့ဆီလာပြီး ဒူးထောက်ရမှာပဲ"

"တို့တော့ အိမ်သာတွေ လိုက်မပြင်နိုင်ပေါင်။ ဒါကြောင့်လည်း အိမ်မြေအရောင်းအဝယ်မလုပ်တာပေါ့"

"အိမ်မြေဈေးကွက်က ဖောင်းပွနေပြီ။ မကြာခင် ပျက်တော့မှာပါ"



mgyoe.com

mgyoe.com SAMPLE BOOK


"သူ့စကား နားယောင်လို့ ဒုက္ခရောက်ကုန်တာ ဘယ်နှစ်ဦးရှိမလဲပဲ"

"သူ့မှာ ကြွေးလည်ပင်းခိုက်နေတာပဲ။ တို့တော့ သူ့လို လူမျိုး ငွေမချေးပါဘူး"

"သူ အငြိမ်းစားယူလိုက်ပြီဆိုပြီး တို့ကို ဒါတွေ ဘာလို့ လိုက်ပြောနေရတာလဲ"



ဆင်းရဲဖေဖေရဲ့သင်ခန်းစာများ

ကျွန်တော့်ရဲ့ ဆင်းရဲတဲ့ပါမောက္ခဖေဖေက ငွေစုဖို့ အမြဲပြောလေ့ရှိတယ်။

ပြီးတော့ နာမည်ကျော် အဆိုအမိန့်တွေလည်း ကိုးကားနေကျ။

"ငွေတိုးလည်း ချမစားနှင့်။ အကြွေးလည်း မယူနှင့်"တဲ့။

"တစ်ပြားစုရင် တစ်ပြားရတာပဲ"တဲ့။

"မဝယ်နိုင်ရင် အကြွေးမဝယ်နှင့်။ လက်ငင်းပေးဝယ်"တဲ့။

ဆင်းရဲဖေဖေရဲ့ဘဝဟာ သူပြောတဲ့အတိုင်း သူ လိုက်ကျင့်ရင်တော့ တကယ်ကောင်းမှာ သေချာတယ်။ ဒါပေမယ့် တခြားလူများနည်းတူပဲ အပြောကောင်းသလောက် အလုပ်က တလွဲ။


mgyoe.com

mgyoe.com SAMPLE BOOK

သူက ပိုက်ဆံချေးပြီး အိမ်နှင့်ကားတွေ ဝယ်တယ်။

"ငွေရင်းမြှုပ်တာဟာ ရင်တထိတ်ထိတ်နှင့် စွန့်စားခန်းပဲ"ဆိုပြီး၊ သူ့ဝါသနာအတိုင်း ငွေစုဖို့ ကြိုးစားတယ်။ အဲ၊ အရေးပေါ် အသုံးလိုလာပြီဆိုရင်တော့ စုငွေကို ပြေးထုတ်တော့တာပဲ။

သူ့ကို ဆင်းရဲအောင်လုပ်မယ့်ပစ္စည်းတွေ ဝယ်ဖို့တော့ ငွေချေးပြီး၊ သူ့ကိုချမ်းသာစေမယ့်အရာတွေအတွက်တော့ ငွေချေးဖို့ ငြင်းတယ်။

မတူတဲ့ တစ်ယူသန်အယူအဆကြောင့်လည်း လူချင်းမတူတဲ့ ဘဝကို ရောက်ခဲ့ရတယ်။ အတွေးအခေါ်မှာပြီး ငွေကို တလွဲသုံးခဲ့ရာက ၆၅ နှစ်အထိ အငြိမ်းစား မယူနိုင်ခဲ့သေးဘူးလေ။ သူ့ခမျာ ကင်ဆာရောဂါနှင့် လဲမတတ်ဖြစ်နေတဲ့ ကြားက အလုပ် လုပ်နေရတုန်း။

သူဟာ ဘဝတစ်လျှောက်လုံးသာမက နောက်ဆုံး ခြောက်လအထိ ပင်ပင်ပန်းပန်း အလုပ်လုပ်သွားရတယ်။ သူဟာ အကြွေးရှောင်ပြီး ငွေစုဖို့ကြိုးစားခဲ့တဲ့ လူကောင်းတစ်ယောက်အဖြစ်နှင့် အသေအလဲ အလုပ်လုပ် သွားရသူပါပဲ။

ဒါတွေဟာ ဘဝနှင့် ငွေအကြောင်း သူ ပို့ချပေးခဲ့တဲ့ သင်ခန်းစာတွေပဲပေါ့။

## သူဌေးဖေဖေရဲ့သင်ခန်းစာများ

ကျွန်တော့်(အချစ်ဆုံး သူငယ်ချင်းရဲ့အဖေ) သူဌေးဖေဖေကတော့ ငွေနှင့်ပတ်သက်ပြီး ကွဲပြားခြားနားတဲ့ တွေးပုံတွေးနည်းတွေ၊ အကြံဉာဏ်တွေ ပေးခဲ့တယ်။


mgyoe.com

mgyoe.com SAMPLE BOOK 

သူက ခုလို မေးခွန်းတွေထုတ်ပြီး ပြောပါလိမ့်မယ်။

၁။ မင်းတို့ ဒေါ်လာတစ်သန်းရအောင် ဘယ်လောက်ကြာကြာ စုရမလဲ။ အဲ၊ ဒေါ်လာတစ်သန်းကို ချေးမယ်ဆိုရင်ကော ဘယ်လောက်ကြာမလဲ။

၂။ ရေရှည်မှာ ချမ်းသာသွားတာ ဘယ်သူ ဖြစ်မလဲ။ ဒေါ်လာတစ်သန်းစုဖို့ ကုန်းရုန်းပြီး အလုပ်လုပ်တဲ့ လူလား၊ ဒါမှမဟုတ် ဆယ်ရာခိုင်နှုန်းအတိုးနှင့် ငွေတစ်သန်းချေးပြီး မှန်ကန်တဲ့ ရင်းနှီးမြှုပ်နှံမှုလုပ်ရာက ချေးငွေတစ်သန်းအပေါ်မှာ တစ်နှစ်ကို ၂၅ ရာခိုင်နှုန်း အမြတ်ရတဲ့လူလား။

၃။ ဘဏ်လုပ်ငန်းရှင်တစ်ယောက်အနေနှင့် ဘယ်သူ့ကို ပိုက်ဆံထုတ်ချေးမလဲ။

ငွေအတွက် အပြင်းအထန် အလုပ်လုပ်မယ့်လူလား။

ငွေကို ဘယ်လိုချေးရမလဲ နားလည်ပြီး၊ မပျောက် မပျက်အောင် သိမ်းဆည်းပြီး၊ အကျိုးရှိရှိ ထိထိရောက်ရောက် အသုံးချနိုင်စွမ်း ရှိမယ့်လူကိုလား။

၄။ ဘဏ်သူဌေးကိုသွားတွေ့ပြီး ဒေါ်လာ တစ်သန်း ချေးချင်တယ်လို့ ပြောလိုက်တာနှင့် မိနစ်နှစ်ဆယ်အတွင်း လိုအပ်တဲ့ စာရွက်စာတမ်းတွေ လက်မှတ်ထိုးဖို့ စီစဉ်လိုက်ပါ့မယ်လို့ ပြန်ပြောရလောက်အောင် မင်းဟာ ဘယ်လိုလူစား ဖြစ်ရမလဲ။ ဘာတွေကို သိကျွမ်း နားလည်ထားရမလဲ။

၅။ အစိုးရက ဘာကြောင့် မင်းစုငွေတွေကို အခွန်ကောက်ပြီး၊ အကြွေးတင်နေတဲ့အတွက် အခွန်ကင်းလွတ်ခွင့် ပေးရတာလဲ။

၆။ 'ငွေကြေး ပြည့်စုံသူ'နှင့် 'ငွေပညာတတ်သူ' ဘယ်သူက သာမလဲ။


mgyoe.com

mgyoe.com
SAMPLE BOOK

'ဒေါ်လာ တစ်သန်း စုထားသူ'နှင့် 'ဒေါ်လာ တစ်သန်းကြွေးတင်နေသူ' ဘယ်သူက ပို အစွမ်းထက်သလဲ။

၇။ ငွေကို အပတ်တကုပ်ရှာနေရသူနှင့် ငွေကိုခိုင်းတတ်သူ ဘယ်သူကို ငွေပညာတတ်တယ်လို ခေါ်မလဲ။

၈။ ငွေရဖို့ ဘယ်လို ကြိုးစားလုပ်ရမယ်ဆိုတာ သင်ပေးတဲ့ကျောင်းနှင့် မင်းအတွက် အပြင်းအထန် အလုပ် လုပ်ပေးမယ့်ငွေမျိုးရအောင် ဘယ်လိုရှာရမယ်ဆိုတာ သင်ပေးတဲ့ကျောင်း၊ ဘယ်ကျောင်းကို တက်မလဲ။

၉။ ဘဏ်သမားက အိမ်ခြံမြေလုပ်ငန်း ထူထောင်ဖို့တော့ ငွေထုတ်ချေးပြီး၊ စတော့ဈေးကွက်မှာ ငွေမြှုပ်ဖို့တော့ ထုတ်မချေးတာ ဘာဖြစ်လို့လဲ။

၁၀။ ငွေချေးပြီး အလုပ်နည်းနည်းသာလုပ်တဲ့ လူတွေထက် အလုပ်တွေနင်းလုပ်ပြီး ငွေစုတဲ့လူတွေက ဘာကြောင့် အခွန် ပိုပေးရတာလဲ။

အလုပ်အကိုင်၊ ငွေကြေးစုဆောင်းမှု၊ အကြွေးယူမှုနှင့် ပတ်သက်သမျှ အဖေနှစ်ယောက်ရဲ့ အတွေးအမြင်ချင်း သိသိသာသာကွဲပြားလုံးဝခြားနားပါတယ်။

ဒါပေမယ့် အကြီးမားဆုံး ခြားနားချက်ကို သူဌေးဖေဖေက ခုလို ထုတ်ဖော်ပြောခဲ့ပါတယ်။

"ဆင်းရဲသားတွေနှင့် လူလတ်တန်းစားတွေဟာ ချမ်းသာဖို့ အသည်းအသန် မနည်းကြိုးစားရတာကွ။ ဒါ ဘာကြောင့်လဲဆိုတော့ သူတို့ငွေ သူတို့ အသုံးပြု ရလို့ပဲပေါ့။ မင်း အမြန် ချမ်းသာချင်တယ်ဆိုရင်တော့ မင်းငွေမဟုတ်တဲ့ တခြားလူတွေရဲ့ငွေနှင့် ဘယ်လိုချမ်းသာအောင်လုပ်ရမယ်ဆိုတာ သိဖို့လိုတယ်"

mgyoe.com

mgyoe.com SAMPLE BOOK 

သတိပေးစကား

ဒီစာအုပ်ဟာ ငွေတွေချေးပြီး အကြွေးတွေ အဆမတန်တင်ခိုင်းတဲ့အကြောင်း မဟုတ်ပါဘူး။ ငယ်ရွယ်ချိန်မှာ ချမ်းချမ်းသာသာနှင့် အငြိမ်းစားယူနိုင်အောင် အကြွေးကို လက်နက်ကိရိယာတစ်ခုလို အသုံးချတတ်ဖို့ ဆွေးနွေးတင်ပြတာပဲ ဖြစ်ပါတယ်။ အဖွင့်မှာပြောခဲ့သလိုပဲ တွန်းကန်အားဟာ အစွမ်းတန်ခိုးဖြစ်ပြီး ဒီအစွမ်းတန်ခိုးကို အသုံးချနိုင်တယ်။ အပြစ်တင်ပြီး တလွဲသုံး နိုင်တယ်။ ကြောက်ရွံ့နိုင်တယ်။ အကြွေးဆိုတာ ကျည်ဆံအပြည့်နှင့်သေနတ်ကို ကိုင်ထားရသလို၊ အထူးဂရုစိုက်ဖို့တော့ လိုပါတယ်။ ကျည်အပြည့်ပါတဲ့သေနတ်ဟာ ခင်ဗျားကို ကူညီနိုင်သလို၊ သတ်ပစ်နိုင်ပါတယ်။

ပေါ့ပေါ့တန်တန် သဘောထားမိရင်တော့ ဒုက္ခပေးမှာ မလွဲပါဘူး။ အကြွေးမှန်သမျှကို (သေနတ်အားလုံး အန္တရာယ်ကြီးသလို) အန္တရာယ်ရှိတယ်လို့ မှတ်ပါ။

ဒီစကားကို အကျယ်ချဲ့ ပြောပါဦးမယ်။

ဒါကလည်း ကျွန်တော့်ဝက်ဘ်ဆိုက်ထဲကို လူငယ်တစ်ယောက်ရေးပို့လိုက်တဲ့စာ ဝင်လာပါတယ်။ သူဟာ သူ့အလုပ်က ထွက်ပစ်လိုက်ပြီဖြစ်ပြီး အကြွေးဝယ်ခွင့် ခရက်ဒစ်ကတ်တွေ အမြောက်အမြားထုတ်ယူကာ အိမ်မြေတွေဝယ်လိုက်လို့ အကြွေးတွေ နင့်နေ အောင်တင်ခဲ့ရပါသတဲ့။ သူက “ကျွန်တော်ဟာ ရောဘတ်ရဲ့အကြံကို လိုက်နာပြီး ကောင်းတဲ့အကြွေး (ယူသင့်တဲ့အကြွေး)ကို အားရပါးရ ယူလိုက်တာပဲ”လို့ ပြောခဲ့ပါတယ်။

ပထမဆုံးအနေနှင့် ကျွန်တော် ပြန်ပြောချင်တာက အိမ်ခြံမြေကို ခရက်ဒစ်ကတ်တွေနှင့် ဝယ်ပါလို့ ဘယ်သူ့ကိုမှ အကြံမပြုခဲ့တာပါပဲ။

 mgyoe.com

mgyoe.com SAMPLE BOOK

ငွေရင်းမြှုပ်နှံဖို့ နည်းလမ်းတွေ ကောင်းကောင်းနားလည်သူ တစ်ယောက်အတွက် ဒီလိုစွန့်စားမှုမျိုး လုပ်စရာမလိုပါဘူး။

ဒီအဖြစ်မျိုးကိုလည်း ကျွန်တော် ထောက်ခံအားပေးခြင်း မပြုနိုင်ပါဘူး။ အင်မတန် အန္တရာယ်ကြီးလို့ပဲ ဖြစ်ပါတယ်။ ခရက်ဒစ်ကတ်တွေနှင့် အိမ်ခြံမြေဝယ်သူတွေ မရှုမလှရှုံးကြတာ တွေ့ရပါတယ်။ ကျွန်တော် အကြံပေးတာက ငွေပညာတတ်ဖို့နှင့် အကြွေးယူတာမှာလည်း ဉာဏ်ကိုလွှာသုံးဖို့သာ ဖြစ်ပါတယ်။

ဒီအခန်းကို 'အကြွေးယူခြင်း'နှင့် 'သာတူညီမျှ ဝေစုခွဲခြင်း'တို့ ကြားက ကွာခြားချက်တွေရှိကြောင်းနှင့် စ,ခဲ့ပါတယ်။ ဒီစာအုပ်ဟာ ငယ်ရွယ်ချိန်မှာ အငြိမ်းစားယူပြီး ချမ်းချမ်းသာသာနေနိုင်ဖို့ကိုသာ ဦးစားပေး အရေးထားပြောလိုတဲ့အချက် ဖြစ်ကြောင်းပါ။

## ဒုတိယအရေးကြီးဆုံး စကားလုံး

အဖွင့်စကားမှာ သူဌေးဖေဖေရဲ့ စကားနှင့် "ငွေလောကမှာ အရေးကြီးဆုံးစကားလုံးကတော့ ငွေကြေး စီးဆင်းလည်ပတ်မှု ဖြစ်တယ်။ ဒုတိယအရေးကြီးဆုံးက 'တွန်းကန်အားနှင့် ချိန်ဆပေးခြင်း'ပဲ" ဆိုတာ တင်ပြခဲ့ပြီးသားပါ။

ကျွန်တော်ဟာ အပေါင်ခံဘဏ်လုပ်ငန်းရှင်တွေကို 'စောစော အငြိမ်းစားယူဖို့ သူတို့ငွေတွေကို အသုံးချပါ'လို့ ဟောပြောခဲ့ပါတယ်။ ကျွန်တော်က ငွေကို ကြားခံတွန်းကန်အားအနေနှင့် အသုံးချဖို့ တကယ်ရည်ညွှန်းခဲ့တာပါ။


mgyoe.com

mgyoe.com SAMPLE BOOK 

ကလေးဘဝကတည်းက သူ့ဖေဖေဆီက တွန်းကန်အားရဲ့ အရေးကြီးပုံတွေကို ကျွန်တော်တို့ သင်ယူခဲ့ရပါတယ်။

သူ့ဖေဖေရဲ့ တွန်းကန်အားနှင့်ပတ်သက်ပြီး စံပြု ဥပမာ ပေးခဲ့တာတော့ ဒေးဗစ်နှင့် ဂိုးလိယက်တို့ ဇာတ်လမ်းပါပဲ။

"သားတို့ မှတ်ထား။ ဒေးဗစ်က ဂိုးလိယက်ကို အနိုင်ရခဲ့တာဟာ သူက တွန်းကန်အားရဲ့ အဓိကအညွှာကို နားလည်ခဲ့လို့ကွ"

"သူက ကျောက်ခဲနှင့် ပစ်လိုက်တာ ထင်တယ်နော်"လို့ ကျွန်တော်က ပြောလိုက်တော့...

"အဲဒါ အမှန်ပဲလေ။ အဲဒီခဲနှင့် လွှဲပေါက်ချက်ဟာ တွန်းကန်အားရဲ့ ပုံစံတစ်မျိုးပဲပေါ့။ ဒီလို တွန်းကန်အားရဲ့အစွမ်းကို နားလည်လိုက်ရင် ဒီပုံစံတွေကို နေရာတကာမှာ တွေ့လာမှာပဲ။ မင်း ချမ်းသာချင်ရင် တွန်းကန်အားရဲ့ အစွမ်းအာနိသင်ကို ဘယ်လိုတန်ဆာဆင်ရမလဲဆိုတာ သင်ရမယ်။

"မင်းဟာ ဒီကမ္ဘာမှာ ချာတိတ်ငယ်လေးဆိုပေမယ့် တွန်းကန်အားရဲ့ အစွမ်းအာနိသင်ကို နားလည်ရင် ရောမလူထွားကြီးတွေကို အနိုင် တိုက်နိုင်တယ်"

ကျွန်တော်တို့ အရွယ်ရောက်လာတော့ သူ့ဖေဖေက တွန်းကန်အားရဲ့ ဥပမာသစ်တွေကို ထပ်ပြောပြခဲ့ပါတယ်။

ဒီအထဲမှာ ၁၉၆၀ ခုနှစ်အတွင်း ဘီတဲလ်စ်ဂီတအဖွဲ့ အမေရိကားကို ပထမဆုံးလာကြတာလည်းပါတယ်။ ကျွန်တော်တို့ချာတိတ်တွေ အရူးအမူးဖြစ်သွားချိန်မှာပဲ သူ့ဖေဖေက သူတို့ ငွေတွေ အောတိုက်ရအောင်လုပ်ပုံတွေကို ထောက်ပြခဲ့တာပါ။

"ဘီတဲလ်စ်တွေ ငွေတွေ သောက်သောက်လဲ ပိုဝင်ရတဲ့ အကြောင်းရင်းက သူတို့ဟာ တွန်းကန်အားတွေ ပိုရှိခဲ့လို့ပဲ"



mgyoe.com

mgyoe.com SAMPLE BOOK

တစ်ဆက်တည်းမှာ သူတို့ဟာ အမေရိကန် သမ္မတကြီး၊ ဆရာဝန်ကြီးတွေ၊ ရှေ့နေတွေ၊ စာရင်းကိုင်တွေနှင့် သူကိုယ်တိုင်ထက် အဆပေါင်းများစွာ ငွေပို ဝင်ခဲ့တာဟာ ငွေကြေးဆိုင်ရာ အဓိကတွန်းကန်အားရခဲ့တာ ကြောင့်ပါပဲတဲ့။

"ဘီတဲလ်စ်တွေဟာ တယ်လီဗေးရှင်း၊ ရေဒီယိုနှင့် ဓာတ်ပြားတွေကို သူတို့ရဲ့တွန်းကန်အားအဖြစ် အသုံးချခဲ့တယ်။ ဒါ သူတို့ 'ထော'ရတဲ့ အချက်ပဲ"

"တီဗွီ၊ ရေဒီယိုနှင့် ဓာတ်ပြားတွေဟာ တွန်းကန်အားရဲ့ တစ်ခုတည်း သောပုံစံလား ဖေဖေ"

သူ့သားမိုက်ခ်က မေးခဲ့သလို၊ ကျွန်တော်ကလည်း–

"ကျွန်တော်တို့ သူဌေးဖြစ်ဖို့ ရော့ခ်ဂီတကြယ်ပွင့်တွေဖြစ်အောင် လုပ်ရမှာလားဟင်"လို့ မေးမိတယ်။

သူဌေးဖေဖေက ရယ်တယ်။ ပြီးတော့...

"မင်း သူဌေးဖြစ်အောင် ရော့ခ်အဆိုတော်လုပ်ဖို့ မလိုပါဘူးကွာ။ တီဗွီ၊ ရေဒီယိုတွေဟာလည်း တွန်းကန်အားရဲ့တစ်ခုတည်းသောပုံစံ မဟုတ်ပါဘူး။ ဒါပေမယ့် မင်းတို့ ချမ်းသာချင်တယ်ဆိုရင် တွန်းကန်အားရဲ့ သီးခြားပုံစံတွေကို သုံးရမယ်။ လူတွေ ချမ်းသာ၊ ဆင်းရဲ၊ တချို့လည်း မရှိမရှား လူလတ်တန်းစားဖြစ်ကြရတာတွေဟာ သူတို့ အသီးသီး အသုံးပြုကြတဲ့ တွန်းကန်အားပုံစံတွေလည်း မတူ ကွာခြားကြလို့ပဲ။ လူချမ်းသာတွေ ပိုချမ်းသာကြတာဟာ မတူတဲ့တွန်းကန်အားကိုမှ ပိုပြီး စွမ်းအား ထုတ်သုံးကြလို့ပဲပေါ့။


mgyoe.com

mgyoe.com SAMPLE BOOK


## 'တွန်းကန်အား'အကြောင်းပြောတဲ့ ဒီစာအုပ်

သူဌေးဖေဖေ ကျွန်တော်တို့ကို ထပ်တလဲလဲ ပြောတဲ့စကား ရှိပါတယ်။

"ငွေကြေးဆိုင်ရာတွန်းကန်အားကို သုံးတတ်လို့ သူဌေးတွေဟာ ဆင်းရဲသားတွေနှင့် လူလတ်တန်းစားတွေထက် သာခဲ့တာကွ။

"ငွေတွန်းကန်အားက သူဌေးတွေကို ခဏချင်း ပိုဌေးအောင် လုပ်ပေးတယ်".

ဒီတော့ ငယ်ရွယ်ချိန် အငြိမ်းစားယူပြီး ချမ်းချမ်းသာသာ အငြိမ်း စားနေနိုင်ဖို့ တွန်းကန်အားရဲ့ပုံစံအချို့ကို ခင်ဗျားသုံးရပါလိမ့်မယ်။

'တွန်းကန်အား'ဟာ ပင်ပင်ပန်းပန်း လုပ်စရာမလိုတဲ့ အထောက် အကူပြု တွန်းကန်အား၊ သို့မဟုတ် စက်အား၊ ကုပ်အားသဘောကို ဆိုလိုပါတယ်။ ဒီစာအုပ်မှာ အလျဉ်းသင့်သလို တွန်းကန်အားရဲ့ နမူနာ ပုံစံအမျိုးမျိုး ထုတ်နုတ်ပြသွားမှာပါ။

ဒီအခန်းကို အပေါင်ခံဘဏ်လုပ်ငန်းရှင်တစ်စုနှင့် တွေ့ဆုံပြော ဟောခဲ့တဲ့ ဇာတ်လမ်းလေးနှင့် စခဲ့ပြီး ကျွန်တော့်ကိုယ်ပိုင်ငွေထက် သူတို့ရဲ့ချေးငွေကို အသုံးချကာ အချိန်စောစော အငြိမ်းစားယူနိုင်ခဲ့ပုံကို ပြဆိုခဲ့ပါတယ်။ ဒါဟာ ချေးငွေ၊ သို့မဟုတ် အကြွေးကို တွန်းကန်အားရဲ့ ပုံစံတစ်ခုအနေနှင့် အသုံးချတဲ့ ဥပမာတစ်ရပ်ပါပဲ။

တွန်းကန်အားရဲ့ ပြဿနာက တွန်းကန်အားဆိုတာ နှစ်ဘက် သွားဓားနှင့် တူပြီး၊ မကိုင်တတ်ရင် ကိုယ့်ကို ပြန်ရှတတ်တာပါပဲ။

တခြားနည်းနှင့် ပြောရရင် လူတစ်ယောက်ဟာ တွန်းကန်အားကို သုံးပြီး ငွေကြေးအရ တိုးတက်အောင်မြင်မှုရအောင် လုပ်နိုင်သလိုပဲ၊ အသုံးချမှုလွဲခဲ့ရင်တော့ ရှေ့မတက်ဘဲ နောက်လန် ကျွမ်းပစ်ကျသွား


mgyoe.com

mgyoe.com SAMPLE BOOK

မယ်လို့ ဆိုချင်ပါတယ်။ ဒါဟာ တွန်းကန်အားမှာ အလျော့အတင်း အချိန်အဆ လိုအပ်တယ်ဆိုတာ ပြဆိုတာပါပဲ။

လူလတ်တန်းစား ဆင်းရဲသားတွေ အပန်းတကြီး လုပ်၊ နှစ်ပေါင်းများစွာလုပ်ပြီး အကြွေးတွေ ရှန်းကန်ဆပ်၊ အခွန်တွေ ပိုဆောင်ကြရတာဟာ တွန်းကန်အားရဲ့ အရေးကြီးတဲ့ပုံစံကို မသိလို့၊ အသိပညာ အားနည်းလို့ပဲ ဖြစ်ပါတယ်။

ဒီတော့ ငွေရင်းနှီးမြှုပ်နှံမှုလုပ်ဖို့ အကြွေးယူတာဟာလည်း တွန်းကန်အားရဲ့ပုံစံတစ်ခုသာဖြစ်ကြောင်းကို ငွေသွား မချေးခင်ကတည်းက နားလည်ထားရမှာဖြစ်ပါတယ်။ ပြီးတော့ တွန်းကန်အားပုံစံ အားလုံးမှာ ထက်မြတဲ့ နှစ်ဘက်သွားတွေရှိတာလည်း သတိပြုရပါလိမ့်မယ်။

သူဌေးဖေဖေရဲ့ စကားတချို့ကို ပြန်ကောက်ရရင်…

"ငွေကြေးအရ ဟန်ကျပြီး ငွေပညာ ပိုတတ်တဲ့ သူဟာ ဘယ်သူဖြစ်မလဲ။ ဒေါ်လာတစ်သန်း စုမိတဲ့ လူလား၊ ဒေါ်လာတစ်သန်း အကြွေးယူတဲ့လူလား"

အရေးကြီးဆုံးအချက်ကတော့ ဒီစာအုပ်ဟာ ငွေပညာရပ်ရဲ့ အခြေခံသဘောတရားတွေကို ဖော်ပြချင်တာပဲဖြစ်ပြီး၊ ဘယ်တွန်းကန်အားမျိုးကိုပဲသုံးသုံး ခင်ဗျားနှင့် ကိုက်ညီသင့်လျော်မယ့် ခင်ဗျား စိတ်ဝင်စားတဲ့ တွန်းကန်အားကိုသုံးတတ်ဖို့ ပထမ ထောက်ခံအားပေးသွားမှာပဲ ဖြစ်ပါတယ်။

**အကြံပြုချက်** ။ ။

သူဌေးဖေဖေက ပြောပါတယ်။ "မင်းတို့ ချမ်းသာချင်ရင် ကောင်းတဲ့အကြွေးနှင့် မကောင်းတဲ့အကြွေး၊ ကောင်းတဲ့ကုန်ကျစရိတ်နှင့်


mgyoe.com

မကောင်းတဲ့ ကုန်ကျစရိတ်၊ ကောင်းတဲ့ဝင်ငွေနှင့် မကောင်းတဲ့ဝင်ငွေ၊ ကောင်းတဲ့ အပ်ငွေနှင့် မကောင်းတဲ့အပ်ငွေတွေရဲ့ ကွာခြားမှုတွေကို နားလည်ထားရမယ်”

ဒီအခန်းမှာ ကြွေးမြီကို တွန်းကန်အားပုံစံအဖြစ် အထူးပြုရေးထားသလို ကောင်းတဲ့, ယူသင့်တဲ့အကြွေးနှင့် မကောင်းတဲ့, မယူသင့်တဲ့ အကြွေးတွေကို စာရင်းလုပ် ထားဖို့ လိုပါတယ်။

အလွယ်ဆုံး မှတ်ဖို့က ခင်ဗျားကို လစဉ်ဝင်ငွေပေးတဲ့ အကြွေးယူမှုကို ‘ကောင်းတဲ့အကြွေး’လို့ခေါ်ပြီး၊ အိတ်ထဲက လစဉ် ထွက်သွားစေရင်တော့ ‘မကောင်းတဲ့အကြွေး’လို့ ဆိုရမှာပဲ။

ဥပမာ–ကျွန်တော့်ရဲ့ တိုက်ခန်းငှားထားတာတွေက လစဉ် ပုံမှန်ငွေဝင်လို့ အဲဒီတိုက်ခန်းတွေဝယ်ဖို့ ယူတဲ့အကြွေးဟာ ‘ယူသင့်တဲ့အကြွေး’ဖြစ်ပါတယ်။ ကျွန်တော်နေတဲ့အိမ်အတွက် (အပေါင်ထားရလို့) ရတဲ့ အကြွေးအတွက် အိတ်ထဲက လစဉ်စိုက်ထုတ်ရလို့ မယူသင့်တဲ့ အကြွေး၊ မကောင်းတဲ့အကြွေးပါပဲ။

| **ယူသင့်တဲ့အကြွေး** | **မယူသင့်တဲ့အကြွေး** |
|---|---|
| ----------- | ----------- |
| ----------- | ----------- |
| ----------- | ----------- |
| ----------- | ----------- |
| ----------- | ----------- |
| ----------- | ----------- |
| ----------- | ----------- |

ခင်ဗျားရဲ့ အကြွေးစာရင်းကို ဆန်းစစ်ပြီးရင်–
ဘယ်လိုလုပ်သင့်တယ်ဆိုတာ စဉ်းစားမိလာပါလိမ့်မယ်။


mgyoe.com

mgyoe.com SAMPLE BOOK

ယူသင့်တဲ့အကြွေးတွေ ပိုများလာတဲ့တာဟာ ငယ်ရွယ်ချိန်မှာ ချမ်းသာစွာ အငြိမ်းစားယူနိုင်ဖို့ အခွင့်အလမ်းကို အကြီးအကျယ်တိုးမြှင့်ရာ ရောက်ပါတယ်။

ဒါပေမယ့် အကြွေးအားလုံးဟာ ကျည်ဆံဖြည့်ထားတဲ့သေနတ်ကို ကိုင်တွယ်ရသလို အထူးဂရုစိုက်ဖို့ လိုတယ်ဆိုတာကိုတော့ အမြဲအမှတ်ရနေဖို့ လိုပါတယ်။


mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း ။ ၄ ။

ခင်ဗျား ဘယ်လို အချိန်စောပြီး အငြိမ်းစားယူနိုင်မလဲ

ကျွန်တော့်မှာ အဖေနှစ်ယောက် ရှိခဲ့ပြီး တွန်းကန်အားရဲ့ ခြားနားတဲ့လောကနှစ်ခုကို မြင်တွေ့ခွင့်ရခဲ့ပါတယ်။

ကျွန်တော့်သူဌေးဖေဖေဟာ မြင့်မားတဲ့တွန်းကန်အားပိုင်ရှင်ဖြစ်ခဲ့တယ်လေ။ ဒီအတွက်ကြောင့်လည်း သူဟာ အလုပ်ကို လျှော့လုပ်ရပြီး၊ ဆင်းရဲဖေဖေထက် ငွေတွေ အများကြီး ပိုရခဲ့တာပေါ့။

ခင်ဗျားအနေနှင့် အစောကြီး အငြိမ်းစားယူပြီး ချမ်းချမ်းသာသာနေချင်တယ်ဆိုရင်တော့ တွန်းကန်အားရဲ့ အဓိကကျမှုကိုနားလည်ဖို့အလွန်အရေးကြီးတာ သဘောပေါက်ထားရပါလိမ့်မယ်။

ဒီစကားလုံးကို ကျယ်ကျယ်ပြန့်ပြန့် အနက်ဖွင့်မယ်ဆိုရင် 'တွန်းကန်အားဆိုတာ ခွန်အား သိပ်စိုက်စရာမလိုဘဲ ပိုအလုပ်ဖြစ်တဲ့စွမ်းရည်ပဲ'လို့ အရှင်းဆုံးပြောနိုင်ပါတယ်။



mgyoe.com

mgyoe.com
SAMPLE BOOK

အလုပ်အကိုင်၊ ငွေ၊ တွန်းကန်အားဆိုတဲ့ ဘာသာရပ်တွေနှင့် စပ်ယှဉ်ပြီး သူဒွေးဖေဖေ ပြောတတ်တာကတော့–

"မင်း ချမ်းသာချင်ရင် အလုပ် နည်းနည်းလုပ်ပြီး ငွေများများရအောင် လုပ်ရမယ်။ အဲသလို လုပ်ဖို့အတွက် တွန်းကန်အားရဲ့ ပုံစံတစ်မျိုးမျိုးကို သုံးရမှာပဲ။

"အလုပ်တစ်ခုတည်း သဲသဲမဲမဲ ဖိလုပ်နေတဲ့ လူတွေဟာ ကန့်သတ်ထားတဲ့တွန်းကန်အားပဲ ရှိတယ်။ မင်းဟာ ကာယအားတွေ တရားလွန်စိုက်ထုတ်ပြီး အကျိုးထူးမခံစားရတာဟာ တခြားတစ်ယောက်ရဲ့ တွန်းကန်အား အောက်မှာ ရောက်နေတဲ့အဓိပ္ပာယ်ပဲ"

ပြီးတော့...

"မင်း ငွေတွေကို ဘဏ်မှာအပ်ထားတာ စုငွေအဖြစ်၊ အိုနာစာရန်ပုံငွေအဖြစ် သွင်းနေတာတွေဟာ မင်းငွေတွေကို သူတို့ရဲ့တွန်းကန်အားအဖြစ် သူတို့သုံးခွင့် ပေးထားလိုက်တာပဲ"





mgyoe.com


mgyoe.com SAMPLE BOOK 

တွန်းကန်အားဆိုတာ နေရာတိုင်းမှာ ရှိတယ်

ကျွန်တော်ငယ်ငယ်က သူဌေးဖေဖေက တွန်းကန်အားရဲ့ အစွမ်းထက်ပုံကို သရုပ်ဖော်ပုံ ဆွဲပြခဲ့ပါတယ်။



ရိုးရိုးတွန်း၍ မရပုံ



ကုပ်အားသုံး၍ အချိန်အဆနှင့်တွန်းမှရပုံ



mgyoe.com

mgyoe.com SAMPLE BOOK

သူဌေးဖေဖေက ပြောတယ်လေ။

"တွန်းကန်အား၊ ကုပ်အား၊ စက်အား၊ မောင်းနှင်အားဆိုတာတွေ နေရာတိုင်းမှာ ရှိတယ်။ လူသားတွေဟာ တိရစ္ဆာန်တွေပေါ်မှာ အမြတ်ထုတ်ကြတာဟာ ကြားခံ၊ တွန်းကန်အားရဲ့ အစွမ်းသဘာဝကို ပိုရှာနိုင်တာကြောင့်ပဲ။ နောက်ပြီး ကနဦးအစက တိရစ္ဆာန်တွေဟာ လူသားတွေထက်ပို အပြေးသန်ပေမယ့် ဒီနေ့ကျတော့ လူတွေက တိရစ္ဆာန်တွေထက် မြန်မြန်နှင့်ဝေးဝေး ခရီးသွားနိုင်ကြပြီ။ ဒါဟာလည်း တွန်းကန်အားသုံး ကိရိယာတွေကို ဖန်တီးနိုင်ခဲ့လို့ပဲ ဖြစ်တယ်။ ဥပမာ ဘိုင်စကယ်၊ ကားအမျိုးမျိုး၊ မီးရထား၊ လေယာဉ်တွေပေါ့။ အစတုန်းက ငှက်တွေက ပျံနိုင်ပြီး လူတွေက မပျံနိုင်ဘူး။ ခုတော့ လူတွေက ငှက်တွေထက် ပိုဝေး,ပိုမြင့်,ပိုမြန်အောင် ပျံသန်းနေကြပြီ"

## တွန်းကန်အားဟာ အစွမ်းတန်ခိုး

တိရစ္ဆာန်တွေမှာ မွေးရာပါ ဘုရားပေးတဲ့ တွန်းကန်အားရှိပြီး ဒီ့ထက်ပိုလွန်အောင် မစွမ်းနိုင်ကြဘူး။ ဒီ အချက်ဟာ ငှက်တွေက လူတွေကို အရှုံးပေးရတဲ့အချက်ပဲ။ ခုဆို လူတွေဟာ ဂြိုဟ်တွေကိုတောင် ကျော်နင်းနေကြပြီ မဟုတ်လား။

အလားတူပဲ လူတချို့ဟာ တခြားလူတချို့ထက် တွန်းကန်အားရဲ့အစွမ်းသတ္တိကို ပို ထုတ်နိုင်,သုံးနိုင်ကြတာတွေ ဖြစ်လာတယ်။

သူဌေးဖေဖေရဲ့ အပြောအရဆိုရင်...

"အားကြီးတဲ့လူတွေဟာ အားနည်းတဲ့လူတွေအပေါ် တန်ခိုးဩဇာ လွှမ်းနိုင်ကြတယ်"တဲ့။


mgyoe.com

mgyoe.com SAMPLE BOOK


တစ်နည်းပြောရင်တော့ လူတွေဟာ တိရစ္ဆာန်တွေအပေါ် သူတို့ တီထွင်ထားတဲ့ တွန်းကန်အားသုံးစက် ကိရိယာတွေနှင့် အသာစီး ယူခဲ့ကြသလိုပဲ၊ လူတွေချင်းလည်း စက်ကိရိယာနှင့်တူတဲ့ တွန်းကန်အား တွေနှင့် သူတို့ လိုအားမရှိတဲ့လူတွေအပေါ် လွှမ်းမိုးနိုင်ခဲ့ကြတယ်။

သူဌေးဖေဖေက...

"ငှက်တစ်ကောင်ဟာ သူ့ရဲ့ ဘုရားပေးတဲ့ တောင်ပံတွေကို အသုံးချခဲ့ကြတယ်။ လူတွေက ငှက်ပျံ ပုံတွေကို လေ့လာအတုခိုးပြီး သူတို့ဉာဏ်ကို အသုံးချလို့ မိုးပျံခဲ့ကြတယ်။ အမေရိကားက ဥရောပကို ကောင်းကင်ပေါ်က ဖြတ်ကူးခဲ့သူဟာ၊ အတ္တလန္တိတ်သမုဒ္ဒရာကို လက် လှော်လှေကလေးနှင့် ကူးခဲ့သူထက် စွမ်းအားတွေ ပိုကြီးမားခဲ့တာက လား"တဲ့။

ဒီ့အပြင်...

"ဆင်းရဲညံ့ဖျင်းတဲ့လူတွေက ချမ်းသာတဲ့လူတော်တွေထက် တွန်းကန်အား အသုံးနည်းခဲ့ကြတယ်။ မင်း ချမ်းသာချင်ရင် ချမ်းသာတဲ့ လူတွေနှင့်ပေါင်းပြီး တွန်းကန်အားရဲ့ အစွမ်းအာနိသင်တွေကို နားလည် အောင် လေ့လာဖို့လိုတယ်" လို့လည်း ဆုံးမသွန်သင်ခဲ့တယ်။

ဒီနေ့ဆိုရင် ပိုအစွမ်းထက်တဲ့ တွန်းကန်အားပေးကိရိယာတွေ တီထွင်ခဲ့ကြသလို ကွန်ပျူတာတို့, အင်တာနက်တို့ ပေါ်လာရတာပဲ။ နောက်ထပ်လည်း အသစ်အဆန်းတွေ ပေါ်လာပါလိမ့်ဦးမယ်။

တွန်းကန်အားသုံးကိရိယာတွေ အထောက်အကူပြုနိုင်တဲ့လူတွေ ဟာ ထိပ်တန်း, ရှေ့တန်း ရောက်ကြတာပါပဲ။

ဒီလို သုံးနိုင်စွမ်းမရှိသူတွေကတော့ ငွေကြေး စီးပွားအရ အောက်ကျ,နောက်ကျန်ခဲ့ပြီး၊ ဘဝရပ်တည်မှုအတွက် အလုပ်ကို မတန် တဆ လုပ်ကြရတော့တယ်။


mgyoe.com

mgyoe.com SAMPLE BOOK

ဘုရားပေးတဲ့ မွေးရာပါတွန်းကန်အား

နယူးယောက်က နိုင်ငံတကာကုန်သွယ်ရေးသမိုင်းကိုကြည့်ရင် လွန်ခဲ့တဲ့ အနှစ်ငါးထောင်ကတည်းက လူတွေဟာ ရွက်တွေနှင့် လေရဲ့အစွမ်းကို အသုံးပြုပြီး ရေကြောင်းခရီးကို သွားလာခဲ့ကြတာ တွေ့ရတယ်။

ဒီကိစ္စမှာ လေနှင့်ရွက်ဟာ သင်္ဘောရဲ့ တွန်းကန်အားဖြစ်ပြီး၊ လေးလံတဲ့ကုန်စည်တွေနှင့် ဝေးလံတဲ့ခရီးကို သက်သက်သာသာ အရောက်ပို့ခဲ့ကြတယ် ဆိုပါတော့။

အဲဒီခေတ်က ကြီးမားတဲ့ရွက်ကြီးတွေနှင့် ရောမသင်္ဘောကြီးတွေ တည်ဆောက်သွားလာနိုင်သူတွေက သူတို့လို မစွမ်းနိုင်သူတွေထက် အဆပေါင်းများစွာ ချမ်းသာခဲ့ကြတာပဲ။

ဒီနေ့အဖို့လည်း ကွန်ပျူတာမောက်စ်ကို နှိပ်လိုက်ရုံနှင့် ရှေးက သင်္ဘောတွေထက် ကုန်တွေ ပိုသယ်ပြီး ပိုချမ်းသာအောင် လုပ်နိုင်ကြပါပြီ။

ဒါဟာ မွေးရာပါတွန်းကန်အားသာ ရှိသူတွေထက် စက်ကိရိယာတွေ တီထွင်အသုံးပြုသူတွေက အပြတ်အသတ်သာသွားတဲ့ အခိပ္ပာယ်ပေါ့။

ခေတ်မစားတော့သော တွန်းကန်အား

လူတွေရဲ့ဉာဏ်က ထွက်ပေါ်လာတဲ့ နည်းပညာတွေကြောင့် တွန်းကန်အားသုံးတဲ့ခရီးလမ်းမှာ ကျွန်တော်တို့ဟာ ရှေးလူတွေနှင့် အကွာကြီး ကွာခြားခဲ့ရပါပြီ။


mgyoe.com

mgyoe.com SAMPLE BOOK 

လမ်းလျှောက်မယ့်အစား ပိုမြန်တဲ့ ယာဉ်တစ်မျိုးမျိုးကို သုံးခွင့်ရခဲ့ကြတယ်။ ဒါမှမဟုတ် တီဗွီ၊ တယ်လီဖုန်း၊ အီးမေးလ်တို့ကို ကြိုက်သလိုသုံးပြီး အကွာအဝေးကို ချုံ့ပစ်လိုက်နိုင်တယ်။

ခရီးသွားလာရေး တွန်းကန်အားရဲ့အသွင်သဏ္ဌာန်တွေ ပြောင်းလဲလာသလိုပဲ ဘဏ္ဍာရေးဆိုင်ရာ တွန်းကန်အား အမျိုးမျိုးကို ရွေးချယ်သုံးနိုင်ခွင့်တွေ ရလာကြတယ်။

ပိုပြီးအားကောင်းတဲ့ ဘဏ္ဍာရေးတွန်းကန်အားကိရိယာကို သုံးနိုင်လေ ဘဏ္ဍာရေးအရ အသာရလေပါပဲ။

ခေတ်မရှိတော့တဲ့, ခေတ်နောက်ကျနေတဲ့ ဒါမှမဟုတ် စွမ်းအားနည်းတဲ့ ဘဏ္ဍာရေးတွန်းကန်အားသုံး ကိရိယာတွေ လက်ကိုင်ထားသူတွေအဖို့ ငွေကြေးလုံခြုံမှု မရှိသလို အနာဂတ်ကံကြမ္မာဟာလည်း ဝိုးတဝါးပဲ ဖြစ်နေပါလိမ့်မယ်။


ဒီကနေ့ သန်းပေါင်းများစွာသော လူတွေဟာ အငြိမ်းစားဘဝကို ကြိုတင်မျှော်မှန်းပြီး အိုနာစာရံပုံငွေစုခြင်းဆိုတဲ့ ငွေကြေးဆိုင်ရာ တွန်းကန်အားပုံစံကို အားကိုးတကြီး အသုံးပြုနေကြပါတယ်။

အိုနာစာငွေစုတဲ့စနစ်ဟာ ခေတ်ကုန်နေတာကလွဲလို့ ဘာအခိပ္ပာယ်မှမရှိ ဖြစ်ခဲ့တာနှင့်အမျှ ငွေပညာ တတ်ကျွမ်းတဲ့ ရင်းနှီးမြှုပ်နှံသူတွေရဲ့အကြိုက်လည်း မဟုတ်ပါဘူး။

ငယ်ငယ်လေးနှင့် ချမ်းချမ်းသာသာ အငြိမ်းစားယူပြီး ထိုင်စားချင်ကြတယ်ဆိုရင်ဖြင့် သူတို့ရဲ့ အိုနာစာ ငွေစုဆောင်းမှုနောက်မှာ ပိုမြန်ပြီး ပိုစိတ်ချရတဲ့ ငွေကြေးဆိုင်ရာတွန်းကန်အားရဲ့ သတင်းနှင့် နည်းပညာ ကြွယ်ဝမှုဆိုတဲ့ကိရိယာကို လက်ကိုင်ထားဖို့ လိုပါတယ်။


mgyoe.com

mgyoe.com SAMPLE BOOK




ငွေကြေးတွန်းကန်အား ကိရိယာတွေကို ဘာကြောင့်မသုံးလဲ

ဆင်းရဲသားတွေနှင့် လူလတ်တန်းစားတွေ ငွေကြေး အထောက်အကူပြုကိရိယာရဲ့ တွန်းကန်အားကို မသုံးချင်ကြတာဟာ အကြီးအကျယ် စွန့်စားရတတ်လို့ပါပဲ။

ဒါကြောင့်လည်း သူတို့ဟာ ငွေကြေးတွန်းကန်အားရဲ့ လျှင်မြန်ထက်မြက်တဲ့ကိရိယာတွေ အသုံးတည့်မှန်း မသိတာပေါ့။

လူချမ်းသာတွေသုံးတဲ့ ငွေကြေးတွန်းကန်အားထက် ဆင်းရဲသားလူလတ်တန်းစားတွေက ကာယစွမ်းအားကို ပို အာရုံကျကြတယ်။ ကာယစွမ်းအားဆိုတာ အလုပ်ပင်ပင်ပန်းပန်း လုပ်ရတာပဲ မဟုတ်လား။

ဒီလိုနှင့် ချမ်းသာပြီးသူက ပိုချမ်းသာပြီး၊ ဆင်းရဲသူက ထပ်ဆင်းရဲကုန်ကြရတာပေါ့။


mgyoe.com

mgyoe.com SAMPLE BOOK



အကြွေးဟာ အောင်မြင်မှုပေးသလို ဆုံးရှုံးမှုလည်း ပေးတယ်

ပြီးခဲ့တဲ့အခန်းစဉ်မှ ကျွန်တော်ဟာ အကြွေးယူပြီး ဝင်ငွေပြန်ရမယ့် အိမ်မြေတွေဝယ်ထားဖို့ ပြောခဲ့တယ်။

အဲဒီ ဥပမာအရ အကြွေးဟာ ကျွန်တော့်ရဲ့ တွန်းကန်အားပါပဲ။

ကျွန်တော်ဟာ ရိုးရိုးသားသား လုပ်ကိုင်စားပြီး ငွေစုသူတစ်ယောက်ထက် ပိုကြီးမားတဲ့ အရင်းအနှီးကို မြှုပ်နှံရရှိရာက မြန်မြန်ဆန်ဆန်လည်း ပိုကြီးပွားချမ်းသာ နိုင်ခဲ့တယ်။

သူဌေးဖေဖေကလည်း ပြောခဲ့တာပဲ။

"လူချမ်းသာတွေက အကြွေးယူပြီး အမြတ်ပေါ်အောင် လုပ်နိုင်တယ်။ လူဆင်းရဲတွေကတော့ အကြွေးယူပြီး အရှုံးပြဖို့ပဲ တတ်တယ်" တဲ့။

အကြွေးကို အားကောင်းမောင်းသန်တဲ့ ကိရိယာ တန်ဆာပလာအဖြစ် အသုံးချတတ်ဖို့ဆိုရင် 'ငွေပညာ'ကို တတ်မှ ဖြစ်ပါလိမ့်မယ်။ ရှေ့လာမယ့်အခန်းတွေမှာ ငွေပညာ ဘယ်လိုသင်ရမလဲ ဆိုတာတွေ ရှင်းပြမှာပါ။

ဆင်းရဲသားလူလတ်လူတန်းစားတွေဟာ အကြွေးယူတဲ့စနစ်ကို မဟာစွန့်စားမှုကြီးလို့ မှတ်စွဲထားတာနှင့် အမျှ၊ အကြွေးကင်းဖို့ပဲ အားထုတ်ကြပြီး ငွေပြန်ထွက်မယ့်ပစ္စည်းတွေပဲ ဝယ်တတ်ကြတယ်။

ဒါဟာ မယူသင့်တဲ့အကြွေးကို ယူတာပဲဖြစ်ပြီး၊ ကြွေ တင်ကျွန်ဖြစ် နွံနစ်ကုန်ကြရတော့တာပဲပေါ့။



mgyoe.com